# မြန်မာ သံတော်ဆင့်

THE MYANMAR HERALD

အပတ်စဉ်သတင်း

အတွဲ ၃၊ အမှတ် (၃၃)၊ အောက်တိုဘာ ၂၅ - ၃၁၊ ၂၀၁၄ ခုနှစ်

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ၌ ထူထောင်သည်


မိမိကိုယ်ကျိုးစီးပွားကို ဆောင်ကြဉ်းပေးမည့်
လူတစ်စုကိုသာ မျက်နှာမူ၍
ပြည်သူ့ဘက်တော်သားများကို
ဖယ်ဆီးထောင်ချကာ အများပြည်သူကိုလည်း
မတရားအနိုင်ကျင့်နေဦးမည်ဆိုပါက

**အကြည်ညိုပျက်ရုံမက ...**

စာမျက်နှာ ၃ သို့ ➢

## "လံကြုတ် လုပ်ကြံပေါ့။ သဘောထားပျော့ပျောင်းတော့ ခံလိုက်ရတာပေါ့"



မြတောင်ဆရာတော်ဘုရားကြီးက မြန်မာသံတော်ဆင့်အယ်ဒီတာအဖွဲ့ကို မိန့်ကြားနေစဉ်

ဓာတ်ပုံ–ခေါန်ဝင်းထွန်း

**နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မြတောင်ဆရာတော်ကြီး၊ ရွှေကျင်ဂိုဏ်းနာယကလေးမျက်နှာဆရာတော်၊ မဘသအတွင်းရေးမှူးချုပ်ဆရာတော်တို့ သာသနာရေးဝန်ကြီးဟောင်း ဦးဆန်းဆင့်အား အစိုးရက တရားစွဲ၍ ထောင်ဒဏ်များချမှတ်ခဲ့ခြင်းအတွက် မှတ်ချက်များပြုတော်မူ**

စာမျက်နှာ ၉ သို့ ➢



## မင်းတရားများနှင့် နေပြည်တော်

## ပြည်ပရန်သူတို့ အလွယ်တကူ ထိုးဖောက်ဝင်ရောက်ရန် ခက်ခဲလှ ကမ္ဘာ့နိုင်ငံအသီးသီးက တအံ့တသြချီးကျူး

စာမျက်နှာ ၂၄ သို့ ➢

## ထောင်ကျရဟန်းတော်များ သင်္ကန်းဝတ်ခွင့် ရှိ-မရှိ

စာမျက်နှာ ၁၀ သို့ ➢

# အစိုးရက လှည့်စားနေပြီ ...

ဆန္ဒမပြဘဲ နောက်ပြန်ဆုတ်မယ့်အဖွဲ့ဆိုတာ မရှိဘူး၊
၂၀၀၈ ခံကတုတ်ကို အားဖြည့်ပေးနိုင်တဲ့ ဘန်ကာတွေ
အမျိုးသားပညာရေးဥပဒေဆိုတာ ပါတယ် . . .

မြန်မာနိုင်ငံဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ ဥက္ကဋ္ဌ

စာမျက်နှာ ၁၀ သို့ ➢



အာဏာရကြံ့ခိုင်ရေးပါတီ ပယ်ဂိုအတိုင်ပင်ခံ ဦးအောင်သောင်း၏ ဓာတ်မဲဆန္ဒနယ် တောင်သာမြို့နယ် ရုံးစည်ကြီးရွာအဝင် ပြည်ခိုင်ဖြိုးဆိုင်းဘုတ်ကို အောက်တိုဘာ ၂၀ ရက်နေ့က တွေ့ရစဉ်

ဓာတ်ပုံ–မြန်မာသံတော်ဆင့်

## ပြည်ခိုင်ဖြိုးမြို့ဆိုင်းဘုတ် မြို့နေလူထုဆန္ဒ တောင်းခံရယူခြင်းမပြု၊ ကြံ့ခိုင်ရေးပါတီအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၅၄ နဲ့ ငြိစွန်းနေ

စာမျက်နှာ ၁၄ သို့ ➢

## သမ္မတငိုကြွေးသည်ဟု ဖော်ပြမှုကြောင့် သမ္မတနှင့်မီဒီယာများ ထပ်မံတွေ့ဆုံရန်မလွယ်တော့ကြောင်း ပြန်ကြားရေးဝန်ကြီး ပြော

စာမျက်နှာ ၁၁ သို့ ➢



ဒေါ်ရွှေမှုံ ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ် ဦးမြင့်ကျော်

## နိုင်ငံပိုင်သတင်းစာတို့၌ လူငယ်များအတုယူလွဲမှားစရာ ရေးသားမှုများ ရှိနေ

စာမျက်နှာ ၂၀ သို့ ➢

## တက္ကသိုလ်ငွေကောက်ခံမှုများတွင် ကံစမ်းမဲလက်မှတ်ဖိုးပါ ပါ

စာမျက်နှာ ၁၂ သို့ ➢

## စစ်တပ်ကမပြင်လိုသည့် ပုဒ်မ ၄၃၆ ပြင်ဆင်နိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဟု NLD နှင့် ၈၈မျိုးဆက်များ ပြော

စာမျက်နှာ ၂ သို့ ➢

**သမိုင်းအဆက်ဆက် ပြည်သူ့တာဝန်ကျေခဲ့တယ်။ NLD အနေနဲ့ တိုင်းရင်းသားပါတီများ ဒီမိုကရက်တစ်ပါတီများနဲ့ မဟာမိတ်ပြုရေးအတွက် ခိုင်မာတဲ့ဗျူဟာတစ်ရပ်ချမှတ်ဖို့ အရေးတကြီးလိုအပ်**

စာမျက်နှာ ၁၉ သို့ ➢

## မြန်မာသံတော်ဆင့်ကာတွန်း



မြန်မာသံတော်ဆင့်
THE MYANMAR HERALD

အတွဲ-၃၊ အမှတ် ( ၃၃ )၊ အောက်တိုဘာ ၂၅ -၃၁ ၊ ၂၀၁၄ ခုနှစ်

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ် (၃၀၂)

မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## ယနေ့အချိန်အခါသည် အငြင်းပွားမှုများ၊ သံသယစိတ်များ၊ ဆန့်ကျင်မှုများ၊ မာနနှင့် အာဃာတ တိမ်သလ္လာများပုံးပြီး အမျိုးသားရေးစွမ်းအား အချည်းနှီးဆုတ်ယုတ်ကုန်ခန်းရမည့်အစား ရိုးသားမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အပြုသဘောစွမ်းအားကို မြှင့်တင်ပေးရမည့်ကာလဖြစ်

## တစ်မျိုးသားလုံးစိတ်ဝမ်းမကွဲဘဲ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးကြိုးပမ်း ပြည်ထောင်စုကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

စာမျက်နှာ ၈ ကော်လံ ၁





## ပုဂ္ဂိုလ်ရေး သံသယ၊ မာနနှင့် အာဃာတများ မထားကြရန် တပ်မတော် အစိုးရခေတ် အတွင်းရေးမှူး(၁) ဦးသိန်းစိန်ပြောခဲ့

ပုဂ္ဂိုလ်ရေး သံသယ၊ မာနနှင့် အာဃာတများမထားကြရန် သမ္မတ ဦးသိန်းစိန် တပ်မတော်အစိုးရ၏ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး တာဝန်ထမ်းဆောင်စဉ်က ပြောကြားခဲ့သော (၁-၈-၂၀၀၆ ) နေ့ထုတ် မြန်မာ့အလင်းသတင်းစာ မျက်နှာဖုံးကို တွေ့ရစဉ်။

**သံတော်ဆင့် သည် . . .**

ပါတီသံယောဇဉ်မရှိ၊
အမျိုးသားအကျိုးသာ
ရှေးရှုသည်။
တိုင်းပြည်အကြိုက်မရေး၊
တိုင်းပြည်အကျိုးသာ
ရေးသည်။
ပုဂ္ဂလဓိဋ္ဌာန်မဖက်၊
ဓမ္မဓိဋ္ဌာန်သက်သက်သာ
ရေးသည်။
သိတိုင်းမှန်တိုင်း
ပြောသင့်မှပြော
ရေးသင့်မှ ရေးသည်။

## ငွေကြေးအလွဲသုံးစားမှု၊ ကိုယ်ကျိုးသုံးစွဲမှုဟူသော စွဲဆိုမှုဖြင့် ဌာနတစ်ခုမှ ဝန်ကြီးတစ်ဦးကိုသာ စွဲဆိုအရေးယူခြင်းမှာ ပုဂ္ဂလိက ဆန်နေပါကြောင်း . . .”

“အပြစ်စည်းမှုမိတ်ဆွေညီနောင်များအားလက်တွဲနိုင်ရန် ဖိတ်ခေါ်နေချိန်တွင် အတွင်းစည်းမှုမိသားစုဝင်များ၏ညီညွတ်ရေးတွဲလက်များမဖြုတ်သင့်ဘဲခိုင်မြဲနေဖို့ လိုအပ်မည်ဟုယူဆ . . .”

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းထံမှ သမ္မတဦးသိန်းစိန်နှင့်တရားသူကြီးချုပ်တို့ထံ ပေးပို့သော အစိုးရမှ ဖမ်းဆီးထောင်ချသည့် သာသနာရေးဝန်ကြီးဟောင်း ဦးဆန်းဆင့် အမှုကိစ္စသဝဏ်လွှာပါကောက်နုတ်ချက် (စာ-၂၃၅)

## တိုင်းလွှတ်တော်ဥက္ကဋ္ဌတစ်ဦး၏မှတ်ဖွယ်စကား

“နိုင်ငံရေးသမားတွေဆိုတာ အင်မတန်စိတ်ဖောက်ပြန်တတ်တဲ့ လူတွေ၊ ရလေလိုလေအိုတဏှာတွေဆိုတာလို။ အာဏာရပြီးရင်လည်း အာဏာကို လက်မလွှတ်ချင်ရှိမကဘူး။ ရပြီးတဲ့အာဏာကိုပိုလိုချင်ကြတယ်။ အာဏာမရသေးတဲ့ လူတွေကလည်း အာဏာကို လိုချင်ကြတယ်။ အဲဒီ ရပြီးနဲ့ မရသေးတဲ့ နိုင်ငံရေးသမားများစွာဟာ အာဏာကိုသာရမယ်ဆိုရင် တရားတဲ့နည်းနဲ့ရော၊ မတရားတဲ့နည်းနဲ့ရော နည်းမျိုးစုံနဲ့ ယူချင်ကြတယ်”

ရောတိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး(ဗိုလ်ချုပ်ဟောင်း)စာ-၃၃

## တန်ဆောင်တိုင်မဟာဘုံကထိန်ပွဲတော်နှင့် တဝစေတီတော်မြတ် စိန်ဖူးတော်တင်လှူပွဲ



ကျေးဖူးတော်ရှင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ဇေယျသိဒ္ဓိမဟာ့ဉာဏ်က ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး တည်ထောင်တော်မူခဲ့သော မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရွှေပေါ်ကျွန်းသာသနာပြုစခန်း၌ စေတော်ဝင် ရွှေပေါ်ကျွန်းပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရကြီးမှူး၍ တစ်ကမ္ဘာတစ်ဝကျေးမည်ဟူသော ကျေးဖူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒနှင့်အညီ တည်ထားခဲ့သော တဝစေတီတော်မြတ်ကြီးအား ယခုအခါ ရွှေသင်္ကန်းတော်များကပ်လှူ၍ စိန်ဖူးတော်ပါအသစ် မွမ်းမံရွှေချပြုပြင်ပြီးဖြစ်ကာ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ရက်(၅-၁၁-၂၀၁၄)နေ့တွင် ၆၆ ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်နှင့် ၄၃ ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်ကြီးကျင်းပ၍ လပြည့်ကျော်တစ်ရက်(၇-၁၁-၂၀၁၄)နေ့တွင် တဝစေတီတော်၏ စိန်ဖူးတော် တင်လှူပွဲကြီးအား ကျင်းပပူဇော်မည်ဖြစ်ပါ၍ ထီးတော်တင်ပွဲ တစ်ခါခွဲလျှင် ဘုရားတစ်ဆူ ပွင့်တော်မူသကဲ့သို့ ဖူးမြော်ရသည်နှင့် တူမျှကြောင်း ကျေးဖူးတော်ရှင် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး ဩဝါဒပြုခဲ့သည်နှင့်အညီ အနယ်နယ်အရပ်ရပ်မှ ဝေနေယျသာဝကများ ကြွရောက်ပူဇော်နိုင်ကြရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**ရွှေပေါ်ကျွန်းပဓာနနာယကဆရာတော်နှင့် ဥပဋ္ဌာကအဖွဲ့**

**ဆက်သွယ်ရန်**
ဥပဋ္ဌာကအဖွဲ့၊ စေတော်ဝင်ရွှေပေါ်ကျွန်းသာသနာပြုစခန်း၊ မလှိုင်မြို့နယ်
ဖုန်း - ၀၉ ၄၀၂၅၆၆၀၂၂၅၊ ၀၉ ၆၅၀၁၁၅၅
တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ ၂ ရက်နေ့တွင် အောင်ပွဲအဖြစ် တော်ဝင်မြို့တော်ဇာတ်ပွဲဖြင့် ညှိခံမည်ဖြစ်ပါသည်။

မြန်မာသံတော်ဆင့်
THE MYANMAR HERALD
အတွဲ-၃၊ အမှတ် (၃၃)၊ အောက်တိုဘာ ၂၅ - ၃၁ ၊ ၂၀၁၄ ခုနှစ်



# ၂၀၁၅ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သမ္မတသတိပေးချက် ကော်မရှင်ဥက္ကဋ္ဌပြောဆိုမှုနှင့်မဆန့်ကျင်ဟု ဦးရဲထွဋ် ငြင်းဆို



**ရန်ကုန်၊ အောက်တိုဘာ၂၂**

အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီမှုမှတစ်ဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို စတင်နိုင်မှသာ ၂၀၁၅ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်မည်ဟူသော သမ္မတ ဦးသိန်းစိန်၏ပြောဆိုမှုသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးပြောကြားသည့် ၂၀၁၅ ရွေးကောက်ပွဲကို ကျင်းပရမည့်အချိန်တွင် ကျင်းပသွားမည်ဟူသော ပြောကြားချက်နှင့် ဆန့်ကျင်ဘက်သဘော မဆောင်ကြောင်း ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်က အောက်တိုဘာ ၂၁ ရက်တွင် ရှင်းလင်းပြောဆိုလိုက်သည်။

ရန်ကုန်မြို့ မြန်မာဂျာနယ်လစ်ကွန်ရက် (MJN) ရုံးခန်းတွင် အောက်တိုဘာ(၂၁)ရက်က ဝန်ကြီးဦးရဲထွဋ်နှင့် သတင်းမီဒီယာဌာနများ တွေ့ဆုံပွဲတစ်ရပ်ပြုလုပ်ခဲ့ရာ အဆိုပါပွဲတွင် ၂၀၁၅ ရွေးကောက်ပွဲနှင့် ပတ်သက်၍ သမ္မတဦးသိန်းစိန်ပြောကြားချက်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးတို့၏ ပြောကြားချက်မှာ ဆန့်ကျင်ဘက်သဘောဆောင်၊ မဆောင်ကို မြန်မာသံတော်ဆင့်မှမေးမြန်းခဲ့ရာတွင် ၎င်းက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

''ကျွန်တော်တို့က ကျွန်တော်တို့လုပ်မယ် ပြောတာမဟုတ်ဘူးလေ။ အောင်မြင်မှုက ဒီပေါ်မှာမူတည်တယ်လို့ပြောတာ။ ဆိုတော့ ဒီနှစ်က ရွေးကောက်ပွဲလုပ်တာကြည့်လိုက်ရင် ထုံးစံက ရွေးကောက်ပွဲကော်မရှင်က တင်ပြရတယ်။ ဘယ်နေရာတွေမှာသူလုပ်နိုင်မယ်။ ဘယ်နေရာတွေမှာကျရင်တော့ လုံခြုံရေးလိုတယ်။ နောက်နိုင်ငံတော်က လုပ်ပေးနိုင်မလား။ နိုင်ငံတော်ကလည်း လုပ်ပေးနိုင်တဲ့အင်အားရှိရင် လုပ်ပေးလိုက်တယ်။ လုပ်လို့မရတဲ့ အခြေအနေကျရင် ရွေးကောက်ပွဲကော်မရှင်ကို အခြေအနေရှင်းပြလိုက်တယ်။ ရွေးကောက်ပွဲကော်မရှင်က ဆုံးဖြတ်တာပေါ့။ အဲဒီတော့ သူပြောတာနဲ့ ဟိုဟာနဲ့ မဆန့်ကျင်ပါဘူး။ ကျွန်တော်တို့ကဘာပြောလဲ။ အောင်မြင်မှုသည် မှီတည်တယ်လို့ ပြောတာ။ အောင်မြင်မှုဆိုတာ များများပေးချင်တာကိုးဗျ။ များများလုပ်နိုင်ဖို့အတွက်ဆိုတာက လုံခြုံအေးချမ်းမှ များများလုပ်နိုင်မှာ။ ဒါကို ကျွန်တော်တို့ကပြောတာ။ ဆုံးဖြတ်တာကတော့ ဒါဥပဒေမှာပါပြီးသားပဲ။ အခြေခံဥပဒေမှာ ပါပြီးသား။ ရွေးကောက်ပွဲကော်မရှင်က ဆုံးဖြတ်မှာ။ သို့သော် ရွေးကောက်ပွဲကော်မရှင်က ဘယ်သူ့ကို အကူအညီတောင်းရမလဲ။ မဲပုံးတွေ ပို့တာ၊ မဲရုံတွေရဲ့ လုံခြုံရေးလုပ်တာအားလုံးကို အစိုးရကို မေးရတာ၊ လုပ်ပေးနိုင်မလား။ လုံခြုံရေးလုပ်နိုင်လား။မလုပ်နိုင်ဘူးလားဆိုတာ သိရတာပေါ့။ အဲဒီတော့ သူတို့က ကျွန်တော်တို့ မလုပ်ပေးနိုင်တဲ့ နေရာမှာဆိုရင် သူတို့ကလုပ်မလား။ မလုပ်မလား ဆုံးဖြတ်ရမယ်'' ဟု မြန်မာသံတော်ဆင့်သတင်းဌာန၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။

ပြီးခဲ့သည့် အောက်တိုဘာ (၁)ရက်ပြောကြားသည့်သမ္မတ၏ လစဉ်မိန့်ခွန်း၌ ''နိုင်ငံရေးအင်အားစုအားလုံးရဲ့ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှုနဲ့အလေးအနက်ထား ပါဝင်ကြိုးပမ်းအားထုတ်မှုတို့ အထူးလိုအပ်လျက်ရှိတဲ့ အချိန်အခါလည်းဖြစ်သလို အခုလိုအလွန်အရေးကြီးတဲ့အဆင့်ဖြစ်တဲ့ တစ်နိုင်ငံလုံး အတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးရေးကိစ္စကို အောင်မြင်စွာ ဆောင်ရွက်နိုင်မှသာလျှင် မိမိတို့နိုင်ငံရဲ့ နိုင်ငံရေးအနာဂတ်ကိုပုံဖော်ထုဆစ်နိုင်မယ့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို စတင်နိုင်မှသာလျှင် ကြားကာလ နိုင်ငံရေးတည်ငြိမ်မှု၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်မှုနဲ့ ညင်သာတဲ့ နိုင်ငံရေးအသွင်ကူးပြောင်းမှုကို ရေရာသေချာစေမှာ ဖြစ်တဲ့အကြောင်းကိုလည်းသတိပြုမိစေလိုပါတယ်'' ဟု ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ အောက်တိုဘာ ၂၁ ရက်က တွေ့ဆုံခဲ့သည့်ပွဲတွင် ''ကျွန်တော်တို့ ဥပဒေအရ လွှတ်တော်သက်တမ်းဟာ (၅)နှစ်ထဲမှာရှိပါတယ်။ ပထမအကြိမ် လွှတ်တော်က ၂၀၁၁ ခုနှစ် ဇန်နဝါရီလ(၃၁)ရက်နေ့မှာ ကျင်းပပေးခဲ့တာ ဖြစ်တဲ့အတွက်ကြောင့် ဥပဒေအရ ၂၀၁၆ ဇန်နဝါရီလ (၃၁)မှာ သက်တမ်းကုန်ဆုံးမှာ ဖြစ်ပါတယ်။ အဲဒီတော့ ရွေးကောက်ပွဲတစ်ခုလုပ်ပြီးရင် လွှတ်တော်ကို ရက်ပေါင်း(၃၀)အတွင်း ခေါ်ပေးရမယ်ဆိုတဲ့အတွက် ၂၀၁၆ ဇန်နဝါရီလ(၃၁)မတိုင်ခင်ရက်ပေါင်း(၉၀)အတွင်းမှာ ရွေးကောက်ပွဲပြီးအောင် ကျွန်တော်တို့ ကျင်းပပေးရမှာဖြစ်ပါတယ်'' ဟု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားထားသည်။ **MH-0030**

# မွေးဖွားပြီး ကလေးငယ် ရန်ကင်းဆေးရုံတွင် သေဆုံးမှု ဝိတိုရိယဆေးရုံ တိုင်ကြားခံရ



**ရန်ကုန်၊ အောက်တိုဘာ ၂၂**

မွေးဖွားပြီး ကလေးငယ် သေဆုံးခဲ့သည်နှင့်ပတ်သက်၍ ကလေးငယ်၏မိခင်ဖြစ်သူ ဒေါ်နွေးဝါဝါလတ်က ကျန်းမာရေးဝန်ကြီးဌာနသို့ တိုင်ကြားထားပြီး ယင်းတိုင်ကြားမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆေးကောင်စီ၏ ဆုံးဖြတ်ချက်အတိုင်း လက်ခံလိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း အောက်တိုဘာ ၂၂ ရက်တွင် ဝိတိုရိယဆေးရုံမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဒေါက်တာခိုင်သဥ္ဇာမောင်က မြန်မာသံတော်ဆင့်သို့ ပြောသည်။

ဝိတိုရိယဆေးရုံကြီးမှ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ခင်သိမ်းဦးနှင့် ကိုယ်ဝန်အပ်နှံခဲ့ပြီး မွေးရက်မတိုင်မီ ကလေးမွေးဖွားသည့်အခါ မွေးဖွားစဉ် ယင်းဆရာဝန်ကြီး မရှိခြင်း၊ ဆေးရုံရှိဆရာဝန်များအနေဖြင့် မွေးလူနာအား ဂရုတစိုက်စောင့်ရှောက်မှုအားနည်းခြင်း၊ ဆေးရုံအနေဖြင့် ဝန်ဆောင်မှု အားနည်းခြင်းတို့ကြောင့် ကလေးသေဆုံးသည်ဟု ဆိုကာ ယင်းတို့အတွက် စုံစမ်းအရေးယူပေးရန် ကလေးငယ်၏ မိခင်ဘက်မှ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆေးကောင်စီသို့ တိုင်ကြားထားခြင်းနှင့် ပတ်သက်၍ ဒေါက်တာခိုင်သဥ္ဇာမောင်က မြန်မာသံတော်ဆင့်သို့ ပြန်လည်ပြောကြားခဲ့ခြင်း ဖြစ်သည်။

''သူတို့ဘက်က ဂျာနယ်တွေကို ပြောတာတော့ ကျန်းမာရေးဝန်ကြီးဌာန၊မြန်မာနိုင်ငံဆေးကောင်စီကို တိုင်စာပို့ထားပြီး ဥပဒေအရ ဆက်လက်ရင်ဆိုင်သွားမယ် ပြောတယ်။ ဝိတိုရိယဆေးရုံအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆေးကောင်စီရဲ့ဆုံးဖြတ်ချက်တိုင်း လိုက်နာဆောင်ရွက်ပါ့မယ်'' ဟု ဝိတိုရိယဆေးရုံမှ ဒေါက်တာခိုင်သဥ္ဇာမောင်က မြန်မာသံတော်ဆင့်သို့ ပြောသည်။

ဝိတိုရိယဆေးရုံကြီးမှ ကလေးငယ်ကို အောင်မြင်စွာ မွေးဖွားပြီးခြင်း၊ မွေးဖွားပြီး သုံးရက်အကြာတွင် သေဆုံးသွားသော ကလေးငယ်အတွက် မိသားစုနှင့်တကွ ထပ်တူဝမ်းနည်းကြောင်း၊ ကလေးငယ်ကို ရန်ကင်းကလေး ဆေးရုံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သဘောထားထုတ်ပြန်ခဲ့သော်လည်း ယင်းထုတ်ပြန်ချက်ကို လက်မခံနိုင်ကြောင်း မိသားစုဝင်များက ပြောသည်။

ကလေးငယ်သေဆုံးမှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၁၈ ရက် နေ့လယ် ၁ နာရီက ရန်ကုန်မြို့၊ စင်ထရယ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပြီး ယင်းပွဲ၌သတင်းထောက်များက ကာယကံရှင်ဖြစ်သူ ဒေါ်နွေးဝါဝါလတ်အား ဖြေကြားစေလိုသော်လည်း ၎င်း၏အဒေါ်ဖြစ်သူ ဒေါ်စံပယ်လတ်ကသာ ဖြေကြားနေသည်ဟု သတင်းထောက်များက ဝေဖန်ပြောဆိုလျက်ရှိသည်။

လျော်ကြေးငွေ ကျပ်သိန်းငါးရာတောင်းခံမှုနှင့်ပတ်သက်၍ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် မြန်မာသံတော်ဆင့်က မေးမြန်းရာ ဒေါ်စံပယ်လတ်က ''ဆရာဝန်ကြီးတွေဘက်က ဘာလုပ်ပေးရမလဲ မေးလို့ ကျွန်မတို့ဘက်က နောက်ပိုင်းလာရောက်မွေးဖွားတဲ့သူတွေ အနေနဲ့ ဒီလိုအဖြစ်မျိုးထပ်မဖြစ်စေဖို့နဲ့ ကလေးသေဆုံးမှုအတွက် ကုသိုလ်ကောင်းမှုလုပ်ဖို့အတွက် တောင်းဆိုရတာပါ''ဟု မြန်မာသံတော်ဆင့်သို့ ပြောသည်။

အထက်ဖော်ပြပါ အငြင်းပွားမှုသည် ဝိတိုရိယဆေးရုံသက်တမ်းတစ်လျှောက်တွင် ပထမဆုံးဆေးရုံနှင့် လူနာအငြင်းပွားမှုဖြစ်ကြောင်း ဝိတိုရိယဆေးရုံမှ တာဝန်ရှိသူက ဆိုသည်။

**တင်ဇာအောင်**

# ပုသိမ်အဝေးသင်တက္ကသိုလ် စာရွက်စာတမ်းဖိုး ကောက်ခံငွေမြင့်မားမှု ကျောင်းသားများ ဝေဖန် ငွေကောက်ခံမှုများတွင် ကံစမ်းမဲလက်မှတ်ဖိုးပါ ပါဝင်

**ပုသိမ်၊ အောက်တိုဘာ ၂၂**

အဝေးသင်တက္ကသိုလ် ပုသိမ်ဌာနခွဲတွင် ပညာသင်ကြားရန်အတွက် ကျောင်းသားကတ်ထုတ်ယူရာတွင် ကျောင်းအပ်စဉ်ကာလက ကျောင်းသားကတ်ကြေး ၃၀၀ ပေးသွင်းထားပြီးဖြစ်သော်လည်း အဝေးသင် အနီးကပ် တက်ရောက်ချိန် ကျောင်းသားကတ်ထုတ်ယူသည့်အခါ ငွေကျပ်ထောင်ချီ၍ တောင်းယူနေသည့်အတွက် မဖြစ်သင့်ကြောင်း ပုသိမ်အဝေးသင်ကျောင်းသားများက အောက်တိုဘာလ ၂၁ရက်နေ့တွင်မြန်မာသံတော်ဆင့်သို့ ဝေဖန်ပြောကြားခဲ့သည်။

ကျောင်းသားကတ်ဖိုးအတွက် ကျောင်းအပ်စဉ်က ငွေကျပ် ၃၀၀ ပေးဆောင်ခဲ့ပြီးဖြစ်သော်လည်း အနီးကပ်တက်ရောက်ရန် ကျောင်းသားကတ်ထုတ်သည့်အခါ အင်္ဂလိပ်ဘာသာရပ်ကျောင်းသားများအတွက် ၄၀၀၀ ကျပ်၊ ဥပဒေဘာသာရပ် ကျောင်းသားများအတွက် ၅၀၀၀ ကျပ်၊ ပထဝီဘာသာရပ်အတွက် ၇၀၀၀ ကျပ် ကောက်ယူနေသည့် အပေါ် ဝေဖန်လိုက်ခြင်းဖြစ်သည်။

''ကျွန်တော်တို့ အင်္ဂလိပ်စာဆို ၅၀၀၀။ ရွှေအလင်းရောင် မျက်စိဖောင်ဒေးရှင်းအတွက် ၂၀၀၀ တဲ့။ ကားတွေ၊ ဆိုင်ကယ်တွေ မဲဖောက်ပေးမယ့်ကံစမ်းမဲတစ်စောင်လည်း ပေးတယ်။ ကျွန်တော်တို့က ကံစမ်းမဲဖောက်ချင်လို့ ကျောင်းလာတက်တာမှ မဟုတ်တာ။ ပြက္ခဒိန်တစ်ခုလည်း ပေးတယ်။ အသင်းဝင်ကြေးက ၂၀၀၀ ပေးရတာဆိုတော့ ဘယ်အသင်းဝင်ကြေးမှန်းလည်း မသိဘူး။ ပြီးတော့ ကတ်ဖိုးက ၂၀၀ ထပ်ကောက်သေးတယ်။ ကျောင်းအပ်ကတည်းက ချလန်မှာ ကျောင်းသားကတ်ဖိုးပါပြီးသား''ဟု အနီးကပ် တက်ရောက်နေသည့် အင်္ဂလိပ်စာအထူးပြုကျောင်းသားတစ်ဦးက မြန်မာသံတော်ဆင့်သို့ ပြောသည်။

ကျောင်းသားကတ်ထုတ်ယူရာတွင် ယခုကဲ့သို့ ငွေကြေးကောက်ခံမှုအပေါ် မေးမြန်းခဲ့ရာ အဆိုပါငွေများမှာ ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ ပေးဆောင်ရခြင်းဖြစ်ပြီး မိမိတို့ မရရှိကြောင်း ဝန်ထမ်းများက ဖြေကြားခဲ့ကြောင်းကို ''သူတို့ကတော့ မရဘူးလို့ ပြောတာပေါ့။ ဒါပေမဲ့ ကိုယ်မှ မသိတာ။ ကျွန်တော်တို့ ပထဝီဆို ၇၀၀၀ လေ။ ဒီတန်ဖိုးက နည်းတာမှ မဟုတ်တာ။ ဆိုင်မှာ စားရင် ထမင်းလေးနပ်စာ ရှိတယ်။ ဒါပေမဲ့မတတ်နိုင်ဘူးလေ။ ကျောင်းတက်ချင်မှတော့ သူတို့လုပ်သမျှ ခံဖို့ပဲ ရှိတာပေါ့'' ဟု ပထဝီဘာသာ အထူးပြု ပထမနှစ်ကျောင်းသား တစ်ဦးက ဆိုသည်။

ပုသိမ်တက္ကသိုလ် အနေဖြင့် ကျောင်းသားကတ် ထုတ်ယူသည့်အခါ စာရွက်စာတမ်း ကောက်ခံခြင်း မတူညီရခြင်းမှာ ဌာနအကြီးအသေးအပေါ် မူတည်၍ ကွဲပြားကြောင်း၊ စာရွက်စာတမ်းဖိုးမှ လွဲ၍ သီးသန့်ငွေ တောင်းခံခြင်း မရှိကြောင်းနှင့် ကံစမ်းမဲလက်မှတ် ရောင်းချခြင်းမှာ ပြင်ပဖောင်ဒေးရှင်းတစ်ခုမှ အကူအညီတောင်းခံသည့်အတွက် ကြားခံဆောင်ရွက်ပေးခြင်းသာ ဖြစ်ကြောင်း တာဝန်ရှိသူက ယခုကဲ့သို့ ပြောသည်။

''ကျွန်တော်တို့က ကတ်ပြားကို ထပ်ပြီးတော့ တောင်းတာ မရှိဘူးခင်ဗျ။ သတ်မှတ်ထားတဲ့အတိုင်းပဲ။ ကံစမ်းမဲဆိုတာက ပြက္ခဒိန်ကို ရောင်းပြီးတော့ မျက်စိအလင်း။ ရွှေအလင်းဆိုတဲ့ ရန်ကုန်မှာ ဖောင်ဒေးရှင်းတစ်ခု ရှိတယ်။ အဲဒီ ရွှေအလင်းက ကျွန်တော်တို့ကို အကူအညီတောင်းတဲ့အတွက်ကြောင့် ကျွန်တော်တို့က အဝေးသင်ကျောင်းသားတွေကို အချိုးကျ ပြက္ခဒိန်လေးတွေ ရောင်းပြီးတော့ ရတဲ့ငွေကို မျက်စိအလင်းကိုတစ်ခါတည်း လှူလိုက်တယ်ခင်ဗျ။ ကံစမ်းမဲပေါက်လို့ရှိရင် များသောအားဖြင့် သူတို့က မတ်လလောက်လား မသိဘူး။ ကံစမ်းမဲဖောက်တယ်ခင်ဗျ။ ဖောက်လို့ရှိရင်ပေါက်တဲ့သူတွေကိုလည်း ကျွန်တော်တို့ဆီ အကြောင်းပြန်ကြားပေးရင် ပေါက်တဲ့သူတွေကို ဖြတ်ပိုင်းလေးတွေ သိမ်းထားခိုင်းပြီးတော့ ကျွန်တော်တို့က အကြောင်းကြားပေးတယ်ခင်ဗျ။ ကျွန်တော်တို့ကျောင်းကတော့ လုပ်တာတော့ မဟုတ်ဘူး။ ကြားကနေ အကူအညီပေးတာ''ဟု ပုသိမ်တက္ကသိုလ် ဒုပါမောက္ခချုပ် ဒေါက်တာသန်းစိုးက မြန်မာသံတော်ဆင့်သို့ပြောသည်။

အဆိုပါ ငွေကြေးကောက်ခံမှုမျိုးကို ရန်ကုန်မြို့ရှိ ဒဂုံတက္ကသိုလ်တွင် တောင်းခံခြင်းမျိုးမရှိဘဲ ကျောင်းသားကတ်ဖိုး ပေးဆောင်ထားသည့် ငွေသွင်းချလန် ပျောက်ဆုံးမှုသာလျှင် ဒဏ်ကြေး ၂၀၀ သာ ပေးဆောင်ရကြောင်းနှင့် မအူပင်တက္ကသိုလ်တွင်မူ ငွေကျပ် ၅၀၀ ပေးသွင်းရပြီး ကျောင်းနှစ်ပတ်လည် မဂ္ဂဇင်းစာအုပ်တစ်အုပ် ပြန်ပေးကြောင်း အဆိုပါတက္ကသိုလ်များတွင် တက်ရောက်နေသူများက ပြောပြသည်။

''ကျွန်မတို့ မအူပင်မှာဆိုရင် ၅၀၀ ပဲ ပေးရတယ်။ ဒါတောင် ကျောင်းမဂ္ဂဇင်း စာအုပ်တစ်အုပ်ပေးသေးတယ်။ ပုသိမ်တော့ တော်တော်များတယ်။ မတတ်နိုင်တဲ့သူဆိုဘယ်လိုလုပ်မလဲ'' ဟု မအူပင်တက္ကသိုလ်တွင် အင်္ဂလိပ်စာဘာသာ အထူးပြုဖြင့် ဒုတိယနှစ်တက်ရောက်နေသူ ကျောင်းသူတစ်ဦးက ဆိုသည်။

**သတင်းအဖွဲ့**

# မြို့အဝင် ဆိုင်းဘုတ်၊ ပုဒ်မ ၅၄ နှင့် အမှုတွဲပါသူများ




**အာဏာရကြံ့ခိုင်ရေးပါတီ ဗဟိုအတိုင်ပင်ခံ ဦးအောင်သောင်း၏ ဇာတိမဲဆန္ဒနယ် တောင်သာမြို့နယ် ရုံးစည်ကြီးရွာအဝင် ပြည်နိုင်ဖြိုးဆိုင်းဘုတ်ကို အောက်တိုဘာ ၂၀ ရက်နေ့က တွေ့ရစဉ်**




**အောက်တိုဘာ ၂၀ ရက်နေ့ထုတ် ဒီလိုင်းဂျာနယ်တွင် စာရေးသူ ထင်လင်းဦး၏ ဆောင်းပါးဖော်ပြထားစဉ်**

ထင်လင်းဦး (Wisdom Villa)

**ပြည်နိုင်ဖြိုးမြို့ဆိုတဲ့ ဆိုင်းဘုတ်တွေ စိုက်ထူရာမှာ မြို့နေပြည်သူလူထုရဲ့ သဘောထားဆန္ဒကို တောင်းခံရယူခြင်းမပြုခဲ့ဘူးလို့ သိရပါတယ်။ ဒါဆိုရင်တော့ သက်ဆိုင်ရာဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ဒေသဆိုင်ရာ ကြံ့ခိုင်ရေးပါတီအလုပ်အမှုဆောင်အဖွဲ့တို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၅၄ နဲ့ ငြိစွန်းနေပြီဗျ။ ဒီအချက်ကိုဟန့်တားခြင်းမပြုခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်သူတွေနဲ့ အလိုတူအလိုပါဖြစ်တဲ့အပြင် နိုင်ငံတော်သမ္မတပါ အမှုတွဲထဲပါနေပြီ . . .**

၁၆-၁၀-၂၀၁၄ နေ့က စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ ပိတောက်ကုန်းကျေးရွာမှာ စာပေဟောပြောပွဲတစ်ခု သွားရောက်ဟောပြောခဲ့ရသဗျ။ စာရေးဆရာ ကိုညီမင်းညိုနဲ့ အတူပေါ့။ သာသနာ့ဝေပုလ္လကျောင်းတိုက်ဝင်းအတွင်းမှာ ကျင်းပပြုလုပ်တဲ့ပွဲက စာပေဟောပြောပွဲဆိုပေတည့် ကျုပ်က နိုင်ငံရေးပဲရေးတဲ့စာရေးဆရာဆိုတော့ ကျုပ်ရေးတဲ့နိုင်ငံရေး၊ နိုင်ငံ့အရေးတွေအကြောင်းပဲ ဟောရ၊ ပြောရသပေါ့။ ခေါင်းစဉ်ကတော့ ဟောင်းလောင်းသာကျန်တော့သော အခွံအနာဂတ်နိုင်ငံတော်ပေါ့။

စာရေးသူဟောပြောအပြီး တည်းခိုအိမ်ပြန်ရောက်တော့ ဒေသခံလူငယ်တွေ၊ လူလတ်ပိုင်းတွေက စာရေးသူနဲ့စကားပြောပါရစေဆိုပြီး ခွင့်တောင်းကြသဗျ။ လာပါပေါ့။ ပြောပါပေါ့၊ ဘာများတုန်းပေါ့။ အဲဒီတော့မှ ကိုဘုန်းဆိုတဲ့လူလတ်တစ်ယောက် ဦးဆောင်တဲ့ လူငယ်လေးတွေက သူတို့လက်ထဲက ကင်မရာဖုန်းကလေးတွေကို ဖွင့်ပြပြီး တိုင်ကြတန်းကြပါရော။ ဆရာလာမယ်ဆိုလို့ ကျွန်တော်တို့ တစ်နေ့လုံး ဆိုင်ကယ်နဲ့သွားပြီး ဓာတ်ပုံရိုက်ယူလာတာပါ ဆရာတဲ့။ တရားမဲ့လုပ်ချင်တိုင်းလုပ်နေတာ ကျွန်တော်တို့ မခံနိုင်ဘူးဆရာတဲ့။ သူတို့ပြတဲ့ဓာတ်ပုံတွေ ကြည့်မိတော့လားလား ယင်းမာပင်ပြည်နိုင်ဖြိုးမြို့တဲ့။ ဆားလင်းကြီး ပြည်နိုင်ဖြိုးမြို့တဲ့။ တခြားကျေးရွာအမည်တွေလည်းပါရဲ့။ ကိုယ်တောင်မှ ထောင်းခနဲစိတ်ထွက်သွားမိပါရဲ့။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲမဝင်ခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲကြီးမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက အနိုင်ရခဲ့သဗျ။ ကြံ့ခိုင်ရေးပါတီက ကိုယ်စားလှယ်အများစု အနိုင်ရခဲ့ပြီးတဲ့နောက် ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌကြီးလည်း နိုင်ငံတော်သမ္မတကြီးဖြစ်ခဲ့ပါတယ်။ ကောင်းမွန်သောအစိုးရကို ဖော်ဆောင်မယ်တဲ့။ သန့်ရှင်းသောအစိုးရကို ထူထောင်မယ်တဲ့။ ကောင်းပါ့ဗျာ။ သို့ပေသိ အဲဒီလိုနိုင်ငံတော်သမ္မတကြီးမိန့်ခွန်းစကားတွေ ခြွေပြီးတဲ့နောက် တိုင်းပြည်မှာ ပေါ်ပေါက်လိုက်တဲ့ လူမျိုးရေး၊ ဘာသာ ရေးပဋိပက္ခတွေကလည်း နည်းမှမနည်းပဲကိုး။ အစထွက်နေတဲ့ ပြဿနာတွေကလည်း ဒုနဲ့ဒေးဗျာ။

ဒီလိုဖြစ်စဉ်ဖြစ်ရပ်တွေနဲ့ပတ်သက်ပြီး သမ္မတကြီးရဲ့ မိန့်ခွန်းတွေမှာ တိုင်းပြည်မငြိမ်မသက်ဖြစ်အောင် လုပ်နေတဲ့ လက်မည်းကြီးတွေကို ဖော်ထုတ်တော့ မယောင်ယောင်၊ နောက်ကွယ်က ကြိုးကိုင်နေသူတွေကိုပဲ ထုတ်ဖော်အရေးယူတော့မယောင်ယောင် ပြောခဲ့၊ ဆိုခဲ့တာတွေရှိသဗျ။ ဒါပေမဲ့လည်း စကားနောက်ကို တရားကပါမလာလေတော့ သမ္မတစကား သုံးခွက်တစ်ခွက်တင်ကြို၊ ခွက်ကပ်ကျန်သွန်၊ ကျန်တာတစ်ဝက်ယုံဆိုတဲ့အခြေအနေတွေ ဖြစ်လာရတော့တာပဲကိုး။

အခုပြဿနာကတော့ စစ်ကိုင်းတိုင်းထဲက ယင်းမာပင်၊ ပုလဲမြို့နယ်တွေမှာ ယင်းမာပင်ပြည်နိုင်ဖြိုးမြို့ဆိုတဲ့ဆိုင်းဘုတ်ကြီးတွေ စိုက်ထူလာတဲ့ပြဿနာဗျ။ တွေ့မြင်ရသဗျ။ မြန်မာနိုင်ငံမှာ မုံရွာမြို့နဲ့တစ်ဖက်ကမ်းမှာ ယင်းမာပင်မြို့၊ ဆားလင်းကြီးမြို့၊ ပုလဲမြို့ဆိုတဲ့နာမည်တွေနဲ့ မြို့တွေရှိတာ တစ်နိုင်ငံလုံးအသိဖြစ်ပေမယ့် ယင်းမာပင်နောက်မှာ ပြည်နိုင်ဖြိုးမြို့ဆိုတဲ့ နောက်ဆက်တွဲမပါပါဘူးဗျ။ ဆားလင်းကြီးနောက်က ပြည်နိုင်ဖြိုးမြို့ဆိုတာ မပါပါဘူးဗျ။ မြန်မာပြည်မြေပုံပေါ်မှာ ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲ စတဲ့မြို့နယ်တွေ အဲဒီမြို့နယ်တွေထဲက ကျေးရွာတွေရဲ့အမည်တွေဟာ နှစ်ပရိစ္ဆေဒများစွာကြာအောင် သည်သညာသည်အတိုင်းရှိခဲ့ပေမယ့် ခုခါမှ ဟိုကျေးရွာ၊ သည်ကျေးရွာတွေရဲ့အမည်သညာတွေနောက်မှာ ပြည်နိုင်ဖြိုးဆိုတဲ့ နာမည်တွေပါလာတာကတော့ အတော်ကို အကျင့်အကြံလူမဆန်၊ မမှန်သော၊ အလုပ်မဟုတ်သော အကျင့်ပေပဲဗျ။

နိုင်ငံအတွင်းက မြို့ရွာ၊ ကျေးလက်တွေရဲ့အမည်တွေကို ဆိုင်းဘုတ်ပေါ်မှာရေးချင်သလိုရေး၊ တင်ချင်သလိုတင်၊ စိုက်ထူချင်သလို စိုက်ထူလို့မရဘူးဗျ။ ဒါက တစ်ဦးတစ်ယောက်ပိုင်၊ တစ်ဖွဲ့တစ်စည်းက ပိုင်ဆိုင်တဲ့လက်ဖက်ရည်ဆိုင်တစ်ခု၊ ကုန်စုံဆိုင်တစ်ခုရဲ့ အမည်နာမသညာ မဟုတ်ဘူး။ လူအများနဲ့ဆိုင်တဲ့အမည်သညာတွေ ဖြစ်သဗျ။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်း၊ ပုဒ်မ ၅၄ မှာ ပြဋ္ဌာန်းထားတာက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်၊ ခရိုင်နယ်နိမိတ်များ သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြ၍ နိုင်ငံတော်သမ္မတက ဆောင်ရွက်ရမည်တဲ့ဗျ။ နိုင်ငံတော်အကြီးအကဲလုပ်နေမှတော့ ဖွဲ့စည်းပုံအခြေခံဥပဒေလေးတော့ ကျေအောင်ညက်အောင် ဖတ်ဖူးမယ်ထင်ပ။

နိုင်ငံတော်သမ္မတအပါအဝင် အစိုးရအဖွဲ့ဝင်တွေဆိုတာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပါမယ် အော်နေရုံနဲ့တင် မပြီးဘူးဗျ။ သိရမယ်၊ လေးစားလိုက်နာရမယ်။ အခု ယင်းမာပင်မြို့နယ်၊ ဆားလင်းကြီးမြို့နယ်တွေကို နောက်ကနေ ပြည်နိုင်ဖြိုးမြို့လို့အမည်တပ်တာဟာ မြို့နယ်အုပ်ချုပ်ရေးရဲ့မတော်မတည့်အစီအမံလား။ ကြံ့ခိုင်ရေးပါတီရဲ့ ငါ့မြင်းငါ့စိုင်း လုပ်ဆောင်ချက်လား။ မြို့နယ်သူမြို့နယ်သားတွေရဲ့ သဘောထားဆန္ဒကို ရယူလုပ်ဆောင်သလား။ လူထုဆန္ဒကို ရယူပါတယ်ဆိုရင် ဘယ်တုန်းက၊ ဘယ်မှာ၊ ဘယ်လိုရယူခဲ့သလဲ။ မြို့နယ်လူထုဆန္ဒမပါဘဲ လုပ်ဆောင်ခဲ့ကြတာလား။ ဒီဖြစ်ရပ်တွေကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က သိရဲ့လား။ သိတယ်ဆိုရင် နိုင်ငံတော်သမ္မတကို ထောက်ခံတင်ပြမှုတရားဝင်လုပ်ခဲ့သလား။ သမ္မတကရော ဒီဖြစ်စဉ်တွေကို သိသလား၊ သိတယ်ဆိုရင် ဒီလုပ်ရပ်တွေဟာဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်၊ မညီညွတ်ဆိုတာကို ဂရုထားစိစစ်စောကြောခဲ့ပါရဲ့လား။

ဒီလူငယ်တွေရဲ့ သတင်းပေးချက်အရ ပြည်နိုင်ဖြိုးမြို့ဆိုတဲ့ ဆိုင်းဘုတ်တွေ စိုက်ထူရာမှာ မြို့နေပြည်သူလူထုရဲ့ သဘောထားဆန္ဒကို တောင်းခံရယူခြင်းမပြုခဲ့ဘူးလို့ သိရပါတယ်။ ဒါဆိုရင်တော့ သက်ဆိုင်ရာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ဒေသဆိုင်ရာ ကြံ့ခိုင်ရေးပါတီအလုပ်အမှုဆောင်အဖွဲ့တို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၅၄ နဲ့ ငြိစွန်းနေပြီဗျ။ ဒီအချက်ကို ဟန့်တားခြင်းမပြုခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်သူတွေနဲ့ အလိုတူအလိုပါဖြစ်တဲ့အပြင် နိုင်ငံတော်သမ္မတပါ အမှုတွဲထဲပါနေပြီဆိုတာ သတိပေးချင်သဗျ။

ဒီလို မတော်မတရားလုပ်ရပ်တွေကို ညောင်လေးပင်မြို့နယ်ဘက်မှာလည်း ကြားသိခဲ့ရပါတယ်။ နို့ . . . နေပါဦး။ မြို့တစ်မြို့၊ ရွာတစ်ရွာမှာ ပြည်နိုင်ဖြိုးပါတီဝင်တွေချည်းပဲ နေကြတာလား။ အခြားပါတီဝင်တွေရော မရှိဘူးလား။ အခြားပါတီဝင်တွေလည်း နေထိုင်နေကြတဲ့ မြို့ရွာတွေမှာ ပြည်နိုင်ဖြိုးမြို့၊ ပြည်နိုင်ဖြိုးရွာလို့ ဆိုင်းဘုတ်တွေ ထူတာဟာ အခြားပါတီဝင်တွေကို ကျူးလွန်ထိပါးရာ၊ ရန်စရာရောက်မနေဘူးလား။ ငါတို့နောက်မှာ ဟဒုရှိတယ်၊ ငါတို့လုပ်ချင်ရာလုပ်တယ်ဆိုတဲ့အချိုး ဖြစ်မနေဘူးလားဗျ။

ဒါဟာ ပြဿနာကို မီးခွက်ထွန်းရှာရုံ တင်မကဘဲ ဆလိုက်မီးမောင်းထိုးရှာသလို ဖြစ်နေသဗျ။ အဲဒီလို အတ္တပြည်နိုင်ဖြိုးမြို့၊ ဟိုသင်း ပြည်နိုင်ဖြိုးရွာဆိုပြီး ဆိုင်းဘုတ်အထူခံရတဲ့ ဒေသတွေမှာ နေထိုင်ကြတဲ့ အခြားပါတီဝင်တွေက မခံချင်ဖြစ်ကြလို့ အပြိုင်အဆိုင်လုပ်ပြီး ယင်းမာပင် NLD မြို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရွာ စသဖြင့် ဆိုင်းဘုတ်တွေ တင်ကြ၊ ပြုကြ၊ လုပ်ကြမယ်ဆိုရင် ဘာတွေဆက်ဖြစ်လာမလဲ။ ဒေသဆိုင်ရာ အာဏာပိုင်တွေက ကြည်ကြည်ဖြူဖြူလက်ခံပြီး ဆိုင်းဘုတ်တင်ပွဲ၊ ဖွင့်ပွဲတွေကို တက်ရောက်အားပေးချီးမြှင့်ကြမှာလား။ ပြဿနာရှာမှာလားဆိုတာ မေးနေဖို့ လိုမလားဗျ။

ဟိုဆိုင်းဘုတ်တော့ ထူခွင့်ရှိတယ်၊ ဒီဆိုင်းဘုတ်တော့ မထူရဘူးဆိုရင် ပထမဦးစွာ အာဏာပိုင်တွေနဲ့ ပါတီဝင်တွေ အကြား ပြဿနာတွေပေါ်လာမှာကအသေအချာပေါ့။ ဒီဘက်ပါတီဝင်တွေနဲ့ ဟိုဘက်ပါတီဝင်တွေကြား တစ်ရပ်တည်းသားချင်းတွေ စကားအချေအတင်၊ အငြင်းအခုံ။ အကော်အခတ်တွေကနေ တုတ်ဆွဲ၊ ဓားဆွဲတွေ ဖြစ်လာမှာက ဒုတိယဗျ။ အဲဒီကနေမှ တစ်နိုင်ငံလုံး ပြဿနာတွေ ကူးစက်သွားနိုင်တယ်ဗျ။ ခုပဲ ယင်းမာပင်နဲ့ ဆားလင်းကြီးက NLD ပါတီဝင်တွေက အပြိုင်ဆိုင်းဘုတ်စိုက်ထူမယ်လို့ လုပ်ဆောင်နေကြပြီ။ အဲဒီလိုအခြေအနေကို သမ္မတကြီးတို့က ဖန်တီးနေတာလား။ သမ္မတကြီးတို့က ဒီအခြေအနေတစ်ခုကို တမင်ပဲ ဖြစ်စေချင်နေတာလား။ ၂၀၁၅ ကို လိုသလိုကစားချင်လို့ ဒီယုန်မြင်လို့ ဒီချုံထွင်ထားတာလား။ တိုင်းပြည်မှာ အထွေထွေမငြိမ်မသက်မှုတွေ၊ ဆူပူမှု၊ ပဋိပက္ခတွေကြောင့် ဒီမိုကရေစီအကူးအပြောင်းကို တမင်အဟန့်အတားဖြစ်အောင် ပြဿနာတွေကို အစထောင်နေပုံထောက်တော့ မိဘပြည်သူများခင်ဗျား . . . နိုင်ငံအတွင်း ဆူပူမှု၊ မငြိမ်သက်မှုများ ဖြစ်ပေါ်နေမည်ဆိုပါက ၂၀၁၅ ရွေးကောက်ပွဲသည် သေချာရေရာမှု ရှိနိုင်မည်မဟုတ်ကြောင်း၊ သတိပေးလိုပါတယ်လို့ မိန့်ခွန်းပြောဖို့အတွက် ပြဿနာတွေကို အစထောင်သလို လုပ်နေတာကတော့ မကောင်းလှပေဘူး။ တော်ကြာ အစိုးရအဖွဲ့အကြီးအကဲတွေ ပုဒ်မ ၅၄ နဲ့ ငြိစွန်းနေလို့ အယုံအကြည်မရှိကြောင်း ဆန္ဒဖော်ထုတ်တာတွေ ပေါ်ပေါက်လာမှာကိုတော့ ကြိုမြင်ထားကြစေချင်သဗျား။

**မှတ်ချက် - ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့ထုတ် ဒီလိုင်း စာစောင် အတွဲ(၃)၊ အမှတ်(၄၁)ပါ ထင်လင်းဦး(Wisdom Villa) ၏ သဘောထားဆောင်းပါးကို ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။**

# ပါတီစုံဒီမိုကရေစီစနစ်ကို အခိုင်အမာ ရပ်တည်ပါမည်ဟု ကာချုပ် ပြောစကား စစ်တပ်က အာဏာမသိမ်းပါဟု ကတိပေးခြင်းလော

> တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ဖို့ လိုတယ်ဆိုတဲ့နေရာမှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ကာကွယ်စောင့်ရှောက်ရမယ်လို့ ပြောတာမဟုတ်ဘူး။ ပြည်သူလူထုအများစုက ထောက်ခံတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ရမယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ရင်လည်း ဖြစ်မယ်။ နောက်ထပ် ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ဖြစ်ရင်ဖြစ်မယ်။ ဒါမှမဟုတ် လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေကိုပဲ ပြင်ဆင်ထားတဲ့ အခြေခံဥပဒေပဲ ဖြစ်ရင်လည်း ဖြစ်မယ် ...

**တပ်မတော်အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီတည်ဆောက်ရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို အခိုင်အမာ ရပ်တည်သွားမည်ဟု ပြီးခဲ့သည့် အောက်တိုဘာ ၁၄ရက်နေ့က တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)နှင့်တွေ့ဆုံခဲ့စဉ်က ထည့်သွင်းပြောကြားခဲ့သည်။**

**တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ အဆိုပါပြောဆိုချက်မှာ နိုင်ငံအကူးအပြောင်းကာလအတွင်း မြန်မာနိုင်ငံသားများ၊ မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်သူများ၊ မြန်မာ့နိုင်ငံရေးကို အစဉ်တစိုက် စောင့်ကြည့်နေကြသူများ စိုးရိမ်ပူပန်နေသည့် တပ်မတော်မှ အာဏာသိမ်းသည့် ဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရန် ကတိပေးခြင်းလောဟူ၍ ဝေဖန်သုံးသပ်မှုများ ရှိလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၁၉၉၀ ရွေးကောက်ပွဲကာလကလည်း အနိုင်ရသည့် နိုင်ငံရေးပါတီကို အာဏာလွှဲအပ်ပြီးသည်နှင့် စစ်တန်းလျားကိုပြန်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း NLD ပါတီမှ အနိုင်ရခဲ့သော်လည်း စစ်တပ်ကသာလျှင် အာဏာဆက်ယူခဲ့သည့် သာဓကများရှိသည့်အတွက် ၂၀၁၅ ရွေးကောက်ပွဲနှင့်ပတ်သက်၍ စိုးရိမ်နေကြခြင်းလည်း ဖြစ်သည်။**

**ထိုသို့ ဝေဖန်သုံးသပ်မှုများကို နှိုင်းယှဉ်လေ့လာနိုင်ရန်အတွက် သက်ဆိုင်ရာ နယ်ပယ်များမှ တာဝန်ရှိသူအသီးသီး၏ ပြောဆိုချက်များကို မြန်မာသံတော်ဆင့်မှ စုစည်းတင်ပြလိုက်ပါတယ်။**

ရှိန်းဝေနောင်



**ဦးဝင်းထိန် (ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ NLD ပါတီ)**

''အဲဒါက တော်တော် ကျယ်ပြန့်တယ်။ ဘယ်လိုကျယ်ပြန့်လဲဆိုတော့ ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌကတနင်္သာရီဘက်မှာ ၂၀၁၅ အောက်တိုဘာမှာရွေး ကောက်ပွဲလုပ်ပေးမယ်လို့ပြောတယ်။ နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးကိစ္စတွေ အဆင်မပြေလို့ရှိရင် ရွေးကောက်ပွဲကိစ္စတောင်မှ ထိခိုက်နိုင်တယ်လို့ပြောတယ်။ အခု ကာကွယ်ရေးဦးစီးချုပ်ကနေပြီးတော့မှ ဒီမိုကရေစီတကယ့်ဘာညာလုပ်ပေးမယ်ဆိုတော့ အဲဒီ သုံးယောက်စကားတွေက တစ်ခုနဲ့တစ်ခု ရှုပ်ယှက်ခတ်နေတော့ ကျုပ်တို့ ဘာစဉ်းစားရမှန်းမသိဘူးဖြစ်နေတယ်။ ဒီမိုကရေစီဘက် အခိုင်အမာရပ်တည်မယ်ဆိုရင် အာဏာသိမ်းတာ ထည့်စဉ်းစားလို့မရတော့ဘူး။ အာဏာသိမ်းရင် ဒီမိုကရေစီဘက်က ရပ်တည်မဟုတ်တော့ဘူးလေ။ သူ့ရဲ့သဘောထားကိုထုတ်ဖော် ပြောပြတာပေါ့။ အဲဒီ သဘောထားအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်''



**ဦးနိုင်ဟံသာ (အဖွဲ့ခေါင်းဆောင်၊ NCCT)**

''တစ်ဖက်ကတော့ သူကလည်း ဒီမိုကရေစီကိုလိုလားမယ်ဆိုရင်၊စစ်မှန်တဲ့ဒီမိုကရေစီကို လိုလားမယ်ဆိုရင် စစ်တပ်အနေနဲ့ပေါ့ဗျာ၊ ဒီနေ့ အစိုးရလက်အောက်မှာလည်းမနေဘူး။လွှတ်တော်အောက်မှာလည်း မနေဘူး။ သီးသန့်အနေနဲ့နေတယ်။ လွှတ်တော်ထဲမှာလည်း ကိုယ်စားလှယ် ၂၅ ရာနှုန်းဝင် ယူထားတယ်။ အဲဒီအနေအထားတွေကို တကယ်လို့ ဒီမိုကရေစီစစ်စစ်မှန်မှန်ကိုလိုလားတယ်ဆိုရင် အဲဒါကို သူတို့ကိုတော့ ပြင်နိုင်းဖို့လိုနေပြီဗျ။ ဒီနေ့ အာဏာသိမ်းဖို့မလိုဘူးလို့ မြင်တယ်။ သူတို့လက်ထဲမှာ တော်တော်များများအာ ဏာရထားပြီးသားလေ။ နောက် ၂၀၀၈ဖွဲ့စည်းပုံကိုပြင်လို့မရအောင်လဲ သူတို့ဗီတိုအာဏာဆိုတာကတော့ စစ်တပ်ထဲမှာရှိနေပြီးသား။အဲဒီသဘောလဲရှိနေတာကို။အဲဒီတော့သူတို့ ဘာအာဏာသိမ်းဖို့လိုသေးလဲလို့ တစ်ဖက်ကမေးစရာတော့ရှိတာပေါ့ဗျာ''

**ဒေါက်တာသူဝေ (ဥက္ကဋ္ဌ၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ)**



''ကျွန်တော်တို့လည်း ကြားတယ်လေ။ မီဒီယာတွေကတဆင့်ပေါ့။အဲဒါကျွန်တော်တို့လည်း ဝမ်းသာပါတယ်။ ကြိုဆိုပါတယ်။ တပ်ချုပ်ကပြောတာကို။ အဲဒါ သူ့စိတ်ရင်းစေတနာအပြည့်အဝနဲ့ ပြောတာဖြစ်မယ်လို့ ယူဆတယ်လေ။ နောက်ပြီး အရင်ကလည်း သူပြောဖူးတာရှိတယ်။ သူ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ တွေ့တုန်းက တပ်မတော်က ငြိမ်းချမ်းရေးတည်ဆောက်မှုကို အပြည့်အဝထောက်ခံတယ်ဆိုတာနော့။ အရင်ကပြောဖူးတာရှိတော့ ဒါတွေက ကိုက်ညီနေတာပေါ့။ နောက်ပြီး မြစ်ကြီးနားကိုသမ္မတကြီးခရီးစဉ်မှာ လိုက်လာတယ်။ အဲဒီမှာသူက စစ်တပ်ရဲ့သဘောထားပေါ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုကို အပြည့်အဝ ထောက်ခံတယ်။ နောက်ပြီးတော့ ဗိုလ်ချုပ်ကြီးမြင့်စိုးတို့လည်း မကြာခဏပြောတယ်လေ။ ငြိမ်းချမ်းရေးကို တပ်မတော်က အပြည့်အဝ ထောက်ခံတယ်ဆိုတာ။ အဲဒါတပ်မတော်ရဲ့ တကယ့်ခံယူချက်၊ တကယ့်သဘောထားအစစ်အမှန် ဖြစ်စေချင်တယ်။ တကယ်အဲဒီလိုသဘောထားအစစ်အမှန်ဖြစ်တယ်ဆိုတာ အင်မတန်ကောင်းတာပေါ့။ ပြောချင်တာက တကယ်ပြောတာနဲ့ လက်တွေ့လည်း ကိုက်ညီဖို့တော့ လိုတာပေါ့။ ဒါစောင့် ကြည့်ရမှာပေါ့ဗျာ''



**ဒေါက်တာသောင်းထွန်း (အမှုဆောင် ဒါရိုက်တာ၊ လူမှုတရားမျှတရေးအဖွဲ့)**

''စစ်တပ်ဆိုတာက နိုင်ငံတစ်ခုရဲ့ အရေးကြီးတဲ့အင်စတီကျူးရှင်း။ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမိုကရေစီတည်ဆောက်ရေးမှာ၊ ဒီမိုကရေစီအခြေခံဥပဒေချထားရေးမှာ တပ်မတော်ရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ကူညီဆောင်ရွက်မှု အဲဒါလိုအပ်ပါတယ်။ ဒီမိုကရေစီလူ့အဖွဲ့အစည်း ဆိုတာက အာဏာကပြည်သူလူ ထုထံက ဆင်းသက်ရမယ်ဆိုတာ ဒါ ၂၀၀၈ ဖွဲ့စည်းပုံမှာလဲပါပါတယ်။ ဒီမိုကရေစီအခြေခံ အနှစ်သာရကလည်းပဲ နိုင်ငံတော် အာဏာဟာ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲတွေကနေတဆင့် အပ်နှင်းလိုက်တဲ့ပြည်သူလူထုထံကနေ ဆင်းသက်ရမှာဖြစ်ပါတယ်။ အဲဒီသဘောတရားအရဆိုလို့ရှိရင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကာလတွေမှာ ဥပမာပြရမယ်ဆိုရင် အင်ဒိုနီးရှားမှာဆိုလို့ရှိရင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ စစ်တပ်ကနေပြီးတော့ နိုင်ငံရေးကနေပြီးတော့ တဖြည်းဖြည်းဆုတ်ပြီးတော့ တပ်ရဲ့မူရင်းတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးလုံခြုံရေး၊ အဲဒါကိုပြန်သွားတဲ့ဟာတွေ တွေ့ရပါတယ်။ ဒီမိုကရေစီစစ်စစ် မှန်မှန်တည်ဆောက်မယ်၊ အုတ်မြစ်ချမယ်ဆိုလို့ရှိရင်လဲ တပ်မတော်အနေနဲ့ နိုင်ငံရေးမှာပါဝင်ပတ်သက်မှုကနေပြီးတော့ ဘယ်လိုမျိုးတဆင့်ပြီးတဆင့်ဆုတ်မလဲပေါ့နော်။ ဒီလိုပြောခြင်းအားဖြင့် မျိုးချစ်စိတ်ရှိတဲ့၊ အရည်အချင်းရှိတဲ့ စစ်သည်များသည်အရာရှိ၊ အရာခံများသည် နိုင်ငံရေးမှာ မလုပ်ရဘူးလို့ မဆိုလိုပါဘူး။ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်သည်ပင်လျှင် မြန်မာ့တပ်မတော်ကို ထူထောင်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သို့သော်ဗိုလ်ချုပ်အောင်ဆန်းဟာတိုင်းပြည်အတွက်စစ်ရေးသေနင်္ဂဗျူဟာကနေ နိုင်ငံရေးသေနင်္ဂဗျူဟာဘက်ကိုပြောင်းပြီး ဖဆပလကိုဦးဆောင်မယ်လို့ လုပ်တဲ့အခါမှာ တပ်ကနေ နုတ်ထွက်ပြီးတော့ နိုင်ငံရေးဘက်ကို ပြတ်ပြတ်သားသားဝင်တယ်။ ဒီလိုမျိုး တပ်နဲ့ နိုင်ငံရေးနဲ့ ခွဲခြားပြီးတော့ ကျင့်သုံးခဲ့တယ်ဆိုတဲ့ နမူနာကိုတော့ ဒီနေ့မျိုးဆက်သစ် တပ်မတော် ခေါင်းဆောင်များအနေနဲ့ နမူနာယူကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်''



**ဒေါက်တာရန်မျိုးသိမ်း (နိုင်ငံရေးလေ့လာသုံးသပ်သူ)**

''ပထမတစ်ချက်ပြောရမှာက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအခန်းမှာပါတဲ့ပုဒ်မတွေအရ ကြည့်လို့ရှိရင် တပ်မတော်ဟာ Constitution of Force လုပ်လို့ရတဲ့ အနေအထားမျိုးရှိတာကို တွေ့ရတယ်။ တစ်နည်း အားဖြင့်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အချက်တွေနဲ့အညီ အာဏာသိမ်းနိုင်တဲ့ အနေအထားမျိုး ရှိတယ်။ အဲဒီတော့ ပထမတစ်ချက်အားဖြင့် တပ်မတော်ဟာ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဖြစ်စဉ်မှာပေါ့လေ အောင်မြင်အောင်ဆက်ပြီးတော့ ရှေ့ကိုသွားမယ်။ နောက်ပြန်လည်သွားမှာ မဟုတ်ဘူးဆိုတဲ့ သဘောမျိုးပြောတယ်ပေါ့နော်။ အဲဒီတော့ အဲဒီဟာအရဆိုလို့ရှိရင် အစ်ကို့အမြင်အားဖြင့် နံပါတ်တစ် တပ်မတော်ဟာ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များမှာပါတဲ့ ပုဒ်မတွေကို အများပြည်သူနဲ့ နောက်နိုင်ငံရေးပါတီခေါင်းဆောင်တွေနဲ့ ပြန်ညှိနှိုင်းပြီးတော့ ပြင်ဆင်ဖို့လိုအပ်တယ်လို့မြင်တယ်။ နောက်တစ်ချက်ကကျတော့တိုင်းပြည်မှာ ပဋိပက္ခတွေ၊ အကြပ်အတည်းတွေကြုံတွေလာတဲ့အခြေ အနေတိုင်းမှာ တပ်မတော်ဟာ အာဏာသိမ်းတဲ့နည်းလမ်းနဲ့ မဖြေရှင်းဘဲနဲ့နိုင်ငံရေးအရတွေဆုံ ဆွေးနွေးမှုပေါ်ပေါက်ဖို့အတွက်ကိုလမ်းခင်းပေးတဲ့၊ အဲဒီဘက်ကို အသားပေးတဲ့ ပုံစံနဲ့ချဉ်းကပ်သင့်တယ်လို့မြင်တယ်။ တတိယ တစ်ချက်ကကျတော့ တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကာကွယ်စောင့်ရှောက်ရမယ်လို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြဋ္ဌာန်းထားတယ်။ အဲဒီတော့ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့် ရှောက်တယ်ဆိုတာဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြီးတော့ အာဏာသိမ်းခွင့် မရှိဘူးလို့ အဓိပ္ပာယ်ရတယ်။အဲဒီအခြေအနေတွေအရ ဆက်စပ်ကြည့်လို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ တပ်မတော်ကနေ အရေးပေါ်ကာလအခြေအနေမှာ အာဏာရယူပိုင်ခွင့်ပြဋ္ဌာန်းချက်တွေကို ပြင်ဆင်ဖို့လိုတယ်။ နောက်ပြီးတော့ တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့် ရှောက်ဖို့လိုတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက် တယ်ဆိုတဲ့နေရာမှာ နောက်အရေးကြီးတဲ့အချက်က ဘာလဲဆိုတော့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရမယ်လို့ ပြောတာမဟုတ်ဘူး။ ပြည်သူလူထု အများစုက ထောက်ခံတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရမယ်။အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရင်လည်း ဖြစ်မယ်။ နောက် ထပ်ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ဖြစ်ရင်ဖြစ်မယ်။ ဒါမှမဟုတ် လက် ရှိဖွဲ့စည်းပုံအခြေခံဥပဒေကိုပဲ ပြင်ဆင်ထားတဲ့ အခြေခံဥပဒေပဲ ဖြစ်ရင်လည်း ဖြစ်မယ်''

**ဦးဖိုးသောကြာ (ခေတ်+မိုး) (ဝါရင့်သတင်းစာဆရာကြီး)**

''ကောင်းတဲ့အခြေအနေကိုတို့က ဝိုင်းပြီးထိန်းပေးရမယ်ကွ။ ဒီနေ့အခြေအနေက ဘာပဲပြောပြော ဒီမိုကရေစီကို မရောက်သေးဘူးကွ။ မရောက်သေးတဲ့အချိန်မှာတို့က ဒါကိုတတ်နိုင်သလောက် ငါတို့ မီဒီယာတွေအပါအဝင် ပေါ့လေ၊ အားလုံးကဝိုင်းပြီး ထိန်းရမယ်။ တစ်ယောက်အားနဲ့ယူသော်မရ၊ တစ်သောင်းအားနဲ့ယူသော်ရ၏ ဆိုသလို တို့က ဝိုင်းထိန်းရမှာပဲ။တပ်မတော်တစ်ခုတည်း ပုံချထားလို့မရသလိုပြည်သူအားလုံးမှာ တာဝန်ရှိတာပေါ့ကွာ။ သေချာတာ



တစ်ခုကတော့ တပ်မတော်သည် ဘယ်သောအခါမှ ကိုယ်ချပေးတဲ့လမ်းစဉ်ကို နောက်ဆုံးပေါ့ ဒီမိုကရေစီကို မရောက်ရောက်အောင် သွားမယ်ဆိုတဲ့ ကတိမျိုးတော့ တို့ကိုတော့ပြောလိုက်တာပဲကွ။ ဒါကတော့သေချာတယ်။ ဒီနည်းနဲ့ လုံလောက်တယ်လို့ ငါထင်တယ်''



**ဦးကျော်မင်းဆွေ (အထွေထွေအတွင်းရေးမှူး၊မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ - ယာယီ)**

''အဲဒါကတော့ ပြောတဲ့သူရဲ့ သဘောထားက အဓိကကျတာပေါ့။ ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းကို အခိုင်အမာရပ်တည်သွားမယ်ဆိုတာကတော့ ကျွန်တော်တို့က အဲဒီစကားပေါ်မှာ အဓိပ္ပာယ်ပြန်၊ ဘာသာပြန်ကောက် ယူကြတာပေါ့။ တစ်နည်းအားဖြင့် ဒီမိုကရေစီနိုင်ငံတွေမှာအာဏာသိမ်းမှု မရှိဘူးဆိုပြီးသတ္တုချပြီး ပြောလို့မရဘူး။ဘာကြောင့်လဲဆိုတော့ သူ့ပါးစပ်ကနေပြီးတော့ ကျွန်တော်တို့ အာဏာမသိမ်းပါဘူးလို့ ပြောရင်တော့ တစ်မျိုးပေါ့။ အဲဒီတော့ ထိုင်းမှာလည်းဒီမိုကရေစီကို သွားတာပဲလေ။ သွားတယ်ဆိုပေမယ့် ထိုင်းမှာအာဏာပြန်သိမ်းတယ်။ဒါတွေတော့ ရှိတာပေါ့။ ကျွန်တော်တို့က ယတိပြတ်ပြောဖို့ဒါကိုပြောဖို့ခက်ပါတယ်။ သူ့ရဲ့ပြောတဲ့စကားနဲ့ သူ့ရဲ့လုပ်ရပ်နဲ့ လက်တွေ့တပ်မတော်ရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေ စောင့်ကြည့်ရမှာပဲဗျ''

-----------

အတွဲ-၃၊ အမှတ် (၃၃)၊ အောက်တိုဘာ ၂၅ - ၃၁ ၊ ၂၀၁၄ ခုနှစ်



# အောင်နိုင်ဇေအတွက် မောကိန်းမကြုံရစေအဖို့

(ဖြတ်သန်းခဲ့ရသောသတင်းထောက် ဘဝအတွေ့အကြုံ)

အောင်ထွန်းလင်း

## U-၁၉ မှာ ကန်နေတဲ့ လူတချို့ရဲ့ အသက်တွေက ကျော်နေတယ် ... မြန်မာပြည်မှာက မကြာခဏဆိုသလို အားကစားသမားတွေရဲ့ အသက်ကိစ္စက ဝေဖန်ထောက်ပြစရာ ဖြစ်ဖြစ်နေ ...

အသက်၁၉နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်းအနေနဲ့ AFCU-၁၉ ဘောလုံးပြိုင်ပွဲမှာ UAE အသင်းကို ၁-၀နဲ့နိုင်လိုက်တဲ့အတွက် ဆီမီးဖိုင်နယ်ကို တက်ရောက်ခွင့်ရသလို ၂၀၁၅ ခုနှစ် နယူးဇီလန်မှာကျင်းပမယ့် U-၂၀ ကမ္ဘာ့ဖလားပွဲကိုလည်း ဝင်ခွင့်ရသွားခဲ့ပါပြီ။ ဒီအတွက်ပျော်သူတွေလည်း ပျော်ကြသလို မော်သူတွေလည်း မော်ကြကုန်လေပြီ။ နှစ်ပေါင်းများစွာကြာမှ ကမ္ဘာ့ဖလားပွဲကို ဝင်ကန်ရဖို့ဆိုတော့ ပျော်သူလည်း အပြစ်မရှိသလို မော်သူလည်း အပြစ်ကင်းတယ်မလား။ ဒီမောင်လည်း ပျော်မိတာတော့ အမှန်ပျို့။ ၁၉၉၆ ခုနှစ် ကမ္ဘောဒီယားကို မြန်မာတွေရှုံးကတည်းက မြန်မာအသင်းပွဲဆိုရင် ဆန့်ရှင်လုပ်ထားတာ။ အခုမှပြန်ကြည့်မိတယ်ဆိုတော့ ကြဲမနိုင်ပြီး ဂုဏ်ယူမယ်ဆိုရင် ဂုဏ်ယူလိုက်စမ်းပါမောင်တို့ရယ်။

ဒါပေသိ ဒီကနေ့ (အောက်တိုဘာ ၁၈ရက်) လူမှုကွန်ရက်ပေါ်မှာတော့ ပျော်တာလေးတွေတောင် ပျောက်သွားတယ်ဗျာ။ အစိုးရပြန်ကြားရေး ဝန်ကြီးဌာနထက်တောင် သတင်းမြန်သေးတဲ့ လူမှုကွန်ရက်ဖေ့စ်ဘုတ်ပေါ်မှာ ဆဲသံ၊ ဆိုသံ၊ ချီးကျူးသံနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ကိုဖြစ်နေတာ။

တချို့ကလည်း အခု U-၁၉ အသင်းက အသက်ကျော်လွန်သူတွေပါတယ်ကတစ်ဖုံ၊ တချို့ကျပြန်တော့လည်း မြန်မာအသင်းရလိုက်တဲ့ ဂိုးဟာ မတရားရလိုက်တဲ့ဂိုး- ဘာလို့လဲဆိုရင် ဂိုးသွင်းဖို့အတွက် ဖန်တီးပေးလိုက်တဲ့သူက UAEကစားသမားကိုလက်နဲ့ တွန်းထုတ်ပြီးမှ ဖန်တီးပေးလိုက်နိုင်လို့ သန်းပိုင်ကသွင်းပြီး ရတဲ့ဂိုးတဲ့လေ။ ဒါတင်လားမဟုတ်ဘူးနော်။ တချို့ကလည်း UAE ဂိုးရှေ့မှာ ရှုရှူးပန်းသွားတဲ့ ခွေးမလေးကြောင့်တဲ့လေ။ အင်းမြန်မာပြည်ကယတြာတွေ၊ အယူတော်မင်္ဂလာတွေက ယုံကြတယ်ဆိုတော့ ဒါလည်း ဖြစ်ကောင်းဖြစ်နိုင်သကိုး။

တချို့ကျပြန်တော့လည်း ဒါမှ မြန်မာကွဟယ်လို့မအော်ခဲ့ရတာကို အတိုးချလို့ တို့မြန်မာနိုင်ပြီလို့ ကြွေးကြော်သူကတစ်ဖုံ၊ ကစားပွဲအပြီး ကွင်းထဲကိုဆင်းပြီး အောင်ပွဲခံသူတွေကို အားရဂုဏ်ယူစွာနဲ့ စတေးတပ်တင်သူကတင်နဲ့ဆိုတော့ အတော့်ကိုပွဲစည်ကုန်ပါရောလား။ ဒါတင်လား မဟုတ်ဘူးနော်။

U-၁၉ က အသက်ကျော်သူတွေပါတယ်တို့၊ မတရားဂိုးနဲ့နိုင်တယ်လို့ ရေးသားသူကို မြန်မာအသင်းရဲ့ အောင်မြင်မှု၊ ပရိသတ်ရဲ့ပျော်ရွှင်မှုကို ဖျက်လိုဖျက်ဆီးလုပ်တဲ့ကောင်ဆိုပြီး မအေ၊ နှမ ကြားမကောင်း၊ ဖတ်မကောင်း ကလော်တုတ်သူက တုတ်နဲ့ ဘက်နှစ်ဖက်လုံးက စတေးတပ်တွေ၊ ကွန်းမန့်တွေကို လိုက်ဖတ်ရတာ ဒီမောင်လည်း ရယ်လိုက်မိတော့တယ်။ အဲဘက်နှစ်ဖက်လုံးကလူတွေက အင်အားတောင့်ချင်လို့ မင်းဘယ်ဘက်ကလဲလို့ သွားတော့မှ ''ဟင်း'' ချနိုင်တော့တယ်။ တို့မြန်မာ လက်စကသိတဲ့အတိုင်း။ မကျေနပ်ရင်ဖြင့် ကွမ်းယာထုတ်၊ ရေသန့်ဘူးတွေပလူပျံသလို တဂွမ်းဂွမ်းနဲ့ ကျိုးတဲ့ခုံတွေကလည်း မနည်းဆိုတော့ စိတ်ပူမိတာပါ။ ချီးယားစ် မြန်မာပရိသတ်ကြီးရေ။

ဟော ... ပြောရင်းမတ်တတ်သတင်းတစ်ခု ထွက်လာပြီ မဟုတ်ပါလော။ စိုးရိမ်တာတွေ တကယ်ဖြစ်ကုန်ပြီ။ အာရှ U-၁၉ ပြိုင်ပွဲမှာ ပရိသတ်တွေ ကွင်းထဲထပ်ပြီး ဝင်ရောက်တာမျိုးလုပ်ရင် မြန်မာအသင်းရဲ့ အိမ်ကွင်းပွဲစဉ် လက်ခံကျင်းပခွင့်တွေပိတ်ပင်သွားမယ်လို့ အာရှဘောလုံးအဖွဲ့ချုပ်က ပြောလိုက်ပြီတဲ့။ ဒါတင်လားမဟုတ်။ လာမယ့်ပွဲစဉ်တွေမှာ တင်းကျပ်တဲ့လုံခြုံရေး အစီအစဉ်နဲ့ လုံခြုံရေးအင်အားတိုးမြှင့်ထားဖို့လည်း တောင်းဆိုလိုက်တယ်တဲ့။ ပြီးတော့ လာမယ့်ဆီမီးဖိုင်နယ်မှာလည်း လုံခြုံရေးအစီအစဉ်တိုးမြှင့်ဖို့နဲ့ အသင်းရဲ့လုံခြုံရေးကို အပြည့်အဝတာဝန်ယူပေးဖို့ ကာတာအသင်းက မြန်မာဘောလုံးအဖွဲ့ချုပ်ကို တောင်းဆိုထားတယ်တဲ့နော်။

နောက်ပြီး ဒီမောင် စိတ်ပူနေတာတစ်ခုတော့ မပြောမဖြစ် ပြောရဦးမယ်ဗျာ။ အသက် ကိစ္စကတော့ ပြောတော့ ပြောရမယ်ဗျို့။ ဘာလို့ဆိုရင် ဖေ့စ်ဘုတ်ပေါ်မှာ တက်လာတဲ့ အချက်တွေအရ U-၁၉ မှာ ကန်နေတဲ့ လူတချို့ရဲ့ အသက်တွေက ကျော်နေတယ်ဆိုတဲ့ကိစ္စပါဗျ။ ဟုတ်သော်ရှိမဟုတ်သော်ရှိ၊ ထည့်တွက်ရမယ့် ကိစ္စနော်။ အခုအောင်ပွဲခံတာတော့ ပြီးသွားပြီဆိုပေမယ့် နောင်လာမယ့် ၂၀၁၅ နယူးဇီလန် ကမ္ဘာ့ဖလားမှာတော့ ဒီကိစ္စကို သေချာကိုင်တွယ်ရမှာ ဖြစ်သဗျ။ မြန်မာပြည်မှာက မကြာခဏဆိုသလို အားကစားသမားတွေရဲ့အသက်ကိစ္စက ဝေဖန်ထောက်ပြစရာ ဖြစ်ဖြစ်နေတယ်လေ။ ဒီတော့ကာ သတိထားဖို့ ဆော်ဩခြင်းသာ ဖြစ်ပါတယ်ဗျာ။

U-၂၀ ပွဲက နိုင်ငံအဆင့်၊ ဒေသတွင်းပြိုင်ပွဲအဆင့်မဟုတ်တော့ဘူး။ ကမ္ဘာနဲ့ချီတဲ့ ပြိုင်ပွဲအဆင့်။ ကစားသမားတွေအတွက် လိုအပ်တဲ့စစ်ဆေးမှုတွေက ဖယ်ဆက်ဆိုသလို လုပ်တတ်တဲ့ပွဲပါ။ နောက်တစ်ခုက အမှားအယွင်းတစ်စုံတစ်ရာရှိတယ်ဆိုရင် ချက်ချင်းဆိုသလို အပြစ်ပေးမေးယူ ဆောင်ရွက်တာကလည်း ချက်ချင်းဆိုသလို လုပ်တတ်ပါတယ်။ ဒီတော့ မြန်မာဘောလုံးအသင်း တာဝန်ရှိသူတွေအနေနဲ့ ဒါကိုသတိချပ်စေချင်တဲ့အတွက် ဒီဆောင်းပါးကို ရေးလိုက်တာပါ။

မြန်မာအသင်းတာဝန်ရှိသူတွေ အသက်ကြီးသူတွေကို သုံးထားတယ်လို့ မဆိုလိုပေမယ့်လည်း ရှေးရှေးကတည်းက ရှိခဲ့ကြတဲ့ သံသယအကျိုးဆက်တွေကို ပြေဖျောက်စေခြင်းအလို့ငှာ အောင်နိုင်ဇေနဲ့ မောကိန်းမကြုံရစေဖို့ နှိုးဆော်လိုက်ရပါတယ်။

မေးရင် ''ယုန်လေး နာစေးနေပါတယ်'' လို့ပဲ ပြောပါရစေနော်။

ဒီမောင်ကလည်း ဘာသာနဲ့ ထုထားတာ မို့လို့။ မြန်မာအသင်းနိုင်တော့လည်း ပျော်တာတော့ ပျော်တာပေါ့လေ။ ဒါပေမဲ့လည်း စိုးရိမ်စိတ်နဲ့ပျော်မိတာဆိုရင် ပိုမှန်မယ်ထင်ပါ့။ ဘာလို့လဲဆိုတော့ ဘောလုံးပွဲကိုလည်းတီဗွီကနေကြည့်တုန်းက မြန်မာအသင်းရတဲ့ ဂိုးအတွက် ဖန်တီးပေးသူ ငြိမ်းချမ်းအောင်နဲ့ UAE ကစားသမားတို့ တွေ့ဆုံမှုမှာ ငြိမ်းချမ်းအောင်ရဲ့ အပြုအမူဟာအငြင်းပွားဖွယ်ရာဖြစ်နေတာကို တွေ့ရသဗျ။ ဒါပေမဲ့လည်း သောင်းသောင်းဖြဖြနဲ့ အားပေးနေတဲ့ မြန်မာပရိသတ်ရဲ့ အားပေးမှုကြောင့်လား။ သို့တည်းမဟုတ် မြန်မာ့မြေပေါ်မှာ ကန်နေရလို့လားတော့ မသိ။ ဒိုင်လူကြီးကအေးဆေးနေပေးလိုက်တော့ မြန်မာအသင်း ပျော်ခဲ့ရတာပေါ့။

နောက်ပြီး ဘောလုံးပွဲအပြီး ကွင်းထဲကို လူအုပ်ကြီး ဆင်းလာတုန်းက ဒီနံ့ခနဲ့ဆိုပြီး လန့်သွားသေးတယ်။ အောင်မယ်မင်းရယ်တဲ့။ UAE က မကျေနပ်လို့များ AFC ကို စာဒက တက်လိုက်ရင်ဖြင့် တို့မြန်မာအသင်း နေရင်းထိုင်ရင်း ဒဏ်ကြေးတော့ ဆောင်ရတော့ မဟုတ်ဆိုပြီးတော့လေ။ ဒါပေသိ ဘောလုံးအသင်းဥက္ကဋ္ဌကြီးဦးဇော်ဇော်က အထိန်းကောင်းသလားတော့ မပြောတတ်။ အေးအေးဆေးဆေးနဲ့ ပြီး



မြတ်ဆွေ

# အမြင်မတော် ရေးသားနေမှုများ

## နိုင်ငံပိုင်သတင်းစာတို့၌ လူငယ်များ အတုယူလွဲမှားစရာ ရေးသားမှုများရှိနေရာ ပြုပြင်သင့် . . .

ကျွန်တော်သည် နိုင်ငံပိုင်ကြေးမုံသတင်းစာကို လပေးဝယ်ဖတ်ပါသည်။ သတင်းစာသမားဘဝကလာသူပီပီ သတင်းများကို ဂရုတစိုက်ဖတ်မိကြည့်ရှုမိသည်။ ဤတွင် မကြာခဏအမြင်မတော်သော၊ မလုပ်သင့်သော အယ်ဒီတာတို့၏လက်ရာများကို တွေ့နေရပါသည်။

မကြာခဏပင် တွေ့မြင်နေရသော ကိစ္စကတော့ သတင်းခေါင်းပေးရာတွင် ''ကျောင်းသား/သူများ''ဟူ၍ အတိုကောက်ပေးမှုပင်ဖြစ်ပါသည်။ သတင်းစာကြီးတစ်စောင်အနေဖြင့် မလုပ်သင့်ပါ။ ငယ်ရွယ်သူများ၊ ကျောင်းသားကျောင်းသူများ အတုခိုးလျှင် မကောင်းတော့ပါ။

ကျွန်တော်တို့ အလယ်တန်းကျောင်းသားဘဝက စာစီစာကုံးရေးရာတွင် ထိုသို့ ကျောင်းသား/သူများဟု ထည့်ရေးလိုက်မိရာ မြန်မာစာဆရာမကြီးက အလွန်စိတ်ဆိုးပြီး ဗိုက်ကြောလိမ်ဆွဲသည်ကို ခံခဲ့ရဖူးပါသည်။ မြန်မာစာဆရာ၊ ဆရာမများသည် ထိုသို့ အလွယ်ရေးသားမှုကို လွန်စွာမလိုလားကြပါ။ စာမေးပွဲဖြေရာ၌ ထိုသို့ အတိုကောက်ရေးသားလျှင် အမှတ်လျော့ပြီသာမှတ်ပါ။

ဆရာ ဆရာမများကပင် မလိုလားသော ထိုသို့ အတိုကောက်ရေးသားမှုကို နိုင်ငံ့ရှေ့ဆောင်သတင်းစာကြီးက အလွယ်တကူမဆင်မခြင် အသုံးပြုနေသည်မှာ အံ့ဩစရာကောင်းလှပါသည်။

မြန်မာအဘိဓာန်၌လည်း ထိုသို့ရေးသားရန် ညွှန်ပြထားခြင်းမရှိပါ။ ဒါကို သတင်းစာဆရာကြီးများက ပေယျာလကန်ပြုမှုနေကြသည်မှာ မသင့်တော်ပါ။ ကိုယ့်မြန်မာစာကို ကိုယ်ဖျက်ဆီးနေသလို ဖြစ်နေပါသည်။

တစ်ဖန် ပြောစရာတစ်ခုရှိသည်မှာ မျဉ်းစောင်း (/) တွေကို ထင်သလို သုံးနေကြမှုပင်ဖြစ်ပါသည်။

မလိုအပ်ဘဲ သုံးနေကြပုံကို ကြည့်ပါ။ ပြည်နယ်/တိုင်းတို့တွင် ... စသည်ဖြင့် ရေးပါသည်။ မြန်မာစာမှာ ပုဒ်မကလေးရှိပါသည်။ တိုင်း၊ ပြည်နယ် စသည်ဖြင့် ရေးလို့ရပါသည်။ မျဉ်းစောင်းမလိုပါ။ မလိုအပ်ဘဲ စာအုပ်/စာပေ၊ ပြည်တွင်း/ ပြည်ပ။ အပေး/အယူ စသည်ဖြင့် မျဉ်းစောင်းတွေ ထည့်ရေးမှုမှာ အလွန်ရုပ်ဆိုးပါသည်။

သည့်ထက် အရုပ်ဆိုးတာကတော့ မြန်မာ့အသံမှ သတင်းဖတ်ကြားသူက ပင် မျဉ်းစောင်းဟုထည့်၍ မလိုအပ်ဘဲ ဖတ်ကြားမှုဖြစ်ပါသည်။

အမှန်ကမျဉ်းစောင်းနေရာတွင် ခေတ္တအသံကိုနားပြီးဖတ်လျှင် လုံလောက်ပါသည်။ မျဉ်းစောင်းမှာ အသံထွက်ဖတ်သလိုသာ ဖတ်ရလျှင် (က)ကို ကကြီးကွင်း၊ ကကြီးကွင်းပိတ်ဟု ဖတ်ရမလို ဖြစ်နေပါသည်။

အလားတူစွာပင် သတင်းရေးသားရာ၌ စကားလုံးဖောင်းပွမှုများကို တွေ့နေပါသည်။ ထိုနေ့ နံနက် ၈ နာရီအချိန်က ကျင်းပသည့်ဟူသော ရေးသားမှုမျိုးဖြစ်ပါသည်။ ထိုနေ့ နံနက် ၈ နာရီကဟုရေးလျှင် ပြီးပါသည်။ ၈ နာရီဆိုလျှင် အချိန်မှန်းသိပြီး ဖြစ်ပါ၏။

အလားတူစွာပင် နိုင်ငံပိုင်သတင်းစာတို့၌ လူငယ်များ အတုယူလွဲမှားစရာ ရေးသားမှုများရှိနေရာ ပြုပြင်သင့်ပါသည်။ မှုခင်းသတင်းအချို့ ရေးသားရာ၌ လက်မောင်း၌ ဒဏ်ရာရရှိသည်ဟု ရေးလျှင်ပြီးပါလျက် (မစိုးရိမ်ရ) ဟု ရေးပြန်သည်။ ဆိုလိုတာကတော့ အသက်အန္တရာယ် မစိုးရိမ်ရဟု ဆိုလိုပုံရပါသည်။

ဒဏ်ရာတစ်ခုရလျှင် မေးခိုင်ပိုးဝင်တတ်ပါသည်။ အသက်အန္တရာယ်ဖြစ်နိုင်ပါ၏။ ဒါကြောင့် မစိုးရိမ်ရဆိုသော အပိုစကားသုံးရန် မလိုပါ။ ထိုနည်းတူစွာပင် သတင်းစာသားများ၌ (စုံစမ်းဆဲ) စသည်ဖြင့် ထည့်သွင်းရေးသားမှု၊ အတိုချုပ်ရေးသားမှုများ မပြုလုပ်သင့်ပါ။ ထိုကိစ္စကို စုံစမ်းနေဆဲဖြစ်သည်ဟု ပီပီပြင်ပြင် ရေးသင့်ပါသည်။

သတင်းစာဖတ်သော လူငယ်ကျောင်းသားများက သတင်းစာပါ အတိုကောက်ရေးနည်းများကို အတုယူလျှင် မခက်ပါလား။

ကျွန်တော့်မိတ်ဆွေ ဆရာမကြီးတစ်ဦးကတော့ 'ကျွန်မ ဒီနေ့သတင်းစာရေးသားပုံတွေကို တပည့်တွေ အတုခိုးမှာ သိပ်စိုးရိမ်တာပဲ။ တဖွဖွသတိပေးရတယ်။ အိပ်ခါနီးသည် အကြောင်းတွေ တွေးမိရင် အိပ်လို့တောင် မပျော်ပါဘူးရှင်'ဟု ညည်းတွား ပြောပြဖူးပါသည်။

မြန်မာစာကို လေးစားသော မြန်မာစာချစ်သူတိုင်း အတိုကောက်ရေးနည်းများကို ပုံနှိပ်စာလုံးဖြင့်တွေ့ရသည်တွင် စိတ်မချမ်းမြေ့ကြသည်မှာအမှန်ပင်ဖြစ်ပါသည်။

- - - - -

# "ငါ့ရှင်တို့ အတ္တကိုရှေ့တန်းတင်မှာလား၊ သာသနာရှေ့တန်းတင်မှာလား။ အတ္တကို ရှေ့တန်းတင်ရင် တိပိဋကလိုင်းလိုက်။ သာသနာကို ရှေ့တန်းတင်ရင် စာချ"

## သက်တော်ရှည်မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသ

စာသင်စာချ ရဟန်းသံဃာတော်အရှင်သူမြတ်များ နယ်ပယ်၌ နေတစ်ဆူ လတစ်ဆူပမာ ကြည်ညိုလေးစားပူဇော်ခြင်း ခံယူတော်မူလျက်ရှိသည့် မန္တလေးမြို့ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသအရှင်သူမြတ်အား အောက်တိုဘာ ၁၉ရက် ညနေပိုင်းတွင် မြန်မာသံတော်ဆင့်အယ်ဒီတာအဖွဲ့နှင့် စီမံရေးရာတာဝန်ရှိသူများ သွားရောက်ဖူးမြော်က မြတောင်ဆရာတော်ဘုရားကြီးကို လျှောက်ထားခွင့်ရ၍ ဆရာတော်ကြီးက ပြန်လည်မိန့်ကြားဩဝါဒပေးခဲ့သည်များကို မြန်မာနိုင်ငံ၏ သာသနာရေးအစစ်အမှန်ပြန်လည်တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ရည်ရွယ်ကာ ဖော်ပြလိုက်ရပါသည်။

**လက်ပံတောင်းတောင်အရေးတုန်းက ဆရာတော် မိန့်လို့ အစိုးရက ပြန်ပြီး တော့ တောင်းပန်ရတယ်လေဘုရား။ ဆရာတော် ကျန်းမာရေးကောင်းပါလားဘုရား။**

မဆိုးပါဘူး သင့်ပါတယ်။ မနေ့တစ်နေ့ကပဲ ဒီကျောင်းမှာနှစ်ပတ်လည်အထိမ်းအမှတ် ဆွမ်းကပ်လုပ်တာရှိတယ်။ ကြာကြာ မထိုင်နိုင်ဘူး။ ကြာကြာပြောလို့ မရဘူး။

ပြီးခဲ့တဲ့ မဟာဘွဲ့နှင်းသဘင်တုန်းက ဆိုရင် အစိုးရဝန်ကြီးဌာန သာသနာရေး ဝန်ကြီးဌာနကနေပြီးတော့ ဆရာတော့်ကို ခွင့်ပန်တယ်၊ ဒါပေမဲ့ ဆရာတော်စောစော မကြွခဲ့၊ တပည့်တော်တို့က ၁၂ နာရီ မထိုး ခင်စမှာ။ တစ်နာရီလောက်မှပြီးမှာ အဲဒီ တော့ တစ်နာရီခွဲလောက် ဆရာတော့် အလှည့်ရောက်မှလာပင့်မယ်။ အဲဒီလိုသူတို့ သက် သက်ညှာညှာလုပ်တယ်။ ငါက စကားပြော လို့ ပီတော့တာမဟုတ်ဘူး။ မင်းတို့ ဒိုပြင်ရှာ။ တပည့်တော်တို့ ရှာရ ခက်တယ်။ မတတ်နိုင်ဘူး။ ရှာလို့တွေ့ပြန် တော့လည်း ဟောတဲ့ပြောတဲ့ ဆရာတော်နဲ့ တပည့် တော်တို့နဲ့က တယ်ဇယားမကျဘူး။ အစိက တော့ တို့ရဲ့သာသနာရဲ့ ဆရာဒကာချွဲ ပြောရရင် ဗုဒ္ဓဘာသာကျ တော့လည်း ဒိုပြင်ဘာသာခြားတွေကြည့် သူတို့ရဲ့ဘာသာ ခြားကို သင်တန်းနဲ့ ဘာသာရေးသင်တယ်။

### အယ်ဒီတာအဖွဲ့

အစ္စလာမ်ဘာသာဆို အစ္စလာမ်ဘာသာ စာသင်တယ်။ တို့ဗုဒ္ဓ ဘာသာဆို မွေးတည်းက ဗုဒ္ဓဘာသာပဲ။ ဘာမှသင်ထားစရာမလို ဘူး။ ဘာစာမှလည်း မဖတ်ဘူး။ စာမဖတ် တဲ့အတွက် အားနည်းတယ်။ စာမတတ် သူပျောက် ရေးနဲ့ စာမဖတ်သူ ပပျောက်ရေး လုပ်ရမလိုဖြစ်နေတယ်။ပြီးတော့ သက်တော် ရှည်ပြောတာက ဘုရားက ဒေသနာဟော တာက မြတ်စွာဘုရားတိုင်း။မြတ်စွာဘုရား တိုင်း မြတ်စွာဘုရားအသက် ရှစ်သောင်း လောက် ပွင့်တယ်။ ဒါပေမဲ့ ၅ပုံ ပုံ ၄ ပုံသာ နေတယ်။ အဲဒီတော့ဘာဖြစ်သွားလဲ လူသေ တာ မမြင်ဘူးလို့ ထမင်းထုပ်နဲ့ သွားကြည့်ရ တယ်။ အသက်ရှစ်သောင်းပွင့်တာ။ အနီး ကပ်ဆုံး ကဿပမြတ်စွာဘုရားပြောကြစို့။ ကဿပမြတ်စွာဘုရားက နှစ်သောင်း လောက် ပွင့်တယ်။ ဝိပဿီမြတ်စွာဘုရားက နေ ဆုတ်ဆုတ်လာလိုက်တာ ကဿပ မြတ်စွာဘုရား လက်ထက်ကျတော့ နှစ် သောင်း နားရောက်လာတယ်။ တစ်သောင်း ခြောက်ထောင်တိုင်တိုင် တရားရေအေး အမြိုက် ဆေးတိုက်ကြွေးပြီးတော့။ တို့ဘုရား လက်ထက် ထောင်ဂဏန်းမပွင့်၊ ရာဂဏန်း မပွင့်၊ ရာဂဏန်းကျမှ ပွင့်တယ်။ အသက် တစ်ရာနဲ့ပွင့်လို့ ဗုဒ္ဓက ငါးပုံပုံလိုက် အ သက်ရှစ်ဆယ် ပရိနိဗ္ဗာန်စံရတာ။ အဂ္ဂ သာဝကနဲ့ ဘုရားနဲ့ ဘယ်သူအရင်တုန်း ဆိုတာ ရှင်သာရိပုတ္တရာက သမာပတ် ဝင်စားပြီးတော့ပြောတာ။ မြတ်စွာဘုရား တပည့်တော် အခုမှ အများရပါတယ်ဘုရား လျှောက်ရော။ မြတ်စွာဘုရားနဲ့ အဂ္ဂ သာဝကတို့သည် ဘယ်သူက ပရိနိဗ္ဗာန် အရင်စံရမှာတုန်း။ သမာပတ်ဝင်စားကြည့် တဲ့အခါ အဂ္ဂသာဝကက အရင်သွားရ တယ်။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် တို့က ၆၉ နှစ်ပြည့်။ မြတ်စွာဘုရားက တစ်ရာကို ငါးပုံပုံ လေးပုံဆိုတော့ ရှစ် ဆယ်ပေါ့။ အဲဒါကြောင့် မြတ်စွာဘုရားနဲ့ ဗေဒင်အရာ တစ်ဖက်ကမ်းခတ်တတ်တဲ့ ပုဏ္ဏားပညာရှိတွေနဲ့ နီးနောတဲ့အချိန်က အသက်တစ်ရာကို သုံးပိုင်းပိုင်းတာ။ ၃၃ နှစ်လေးလ ပထမအရွယ်၊ ခြောက်ဆယ့် သုံးနှစ်ရှစ်လ ဒုတိယအရွယ်ကုန်ပြီ။ ၆၇ ကစပြီး တစ်ရာအထိ နောက်ဆုံးအရွယ်။ အဲဒါကြောင့်မို့ လယ်တီဆရာတော်ကြီးက မြတ်စွာဘုရားက သက်တော် ရှစ်ဆယ်မှာ ပရိနိဗ္ဗာန် ဝင်စံရတယ်။ အဲဒါကြောင့်မို့ သက်တော်ရှည်လို့ ဘယ်လိုလုပ်ပြောရမှာ တုန်း။ သာသနာ ၂၅၀၀ သာသနာနှစ် တွေနဲ့တွက်လိုက်၊ အခုနေဆို ၇၅ နှစ်တန်း ရောက်နေတယ် လယ်တီဆရာတော်တို့ က။ နှစ်တစ်ရာကို တစ်နှစ်တစ်နှစ်လျော့ လာတယ်။ အဲဒါကြောင့် လယ်တီဆရာ တော်ပျံလွန်တော်မူတာ ၇၄ နှစ်တန်းပေါ့။ နိုင်ငံတော်က အသက်ရှစ်ဆယ်မှ သက်တော်ရှည်၊ နိုင်ငံတော်ဩဝါဒခံ။

**ဘုန်းဘုန်း နိုင်ငံတော်အစိုးရကို ဩဝါဒ ပေးနေရပါသေးလားဘုရား။**

နိုင်ငံတော် ဩဝါဒါစရိယ ဘုန်းဘုန်း က ၈၇ နှစ်မှာ တိုင်းဥက္ကဋ္ဌက ဆင်းတာ။ တိုင်းဥက္ကဋ္ဌက ဆင်းတော့ တပို့တွဲလပြည့် ကျော် ၁၁ ရက်နေ့ ဆင်းတယ်။ တပေါင်း လဆန်း ၅ ရက်၊ ၆ ရက်ကျတော့ ရန် ကုန်အစည်းအဝေးကနေ နိုင်ငံတော် ဩ ဝါဒါစရိယ တန်းခန့်တယ်။ ဟာဘယ့်နှယ့် ဟာတုန်းဟလို့ ဩဝါဒါစရိယခန့်တယ်ဆို တာသူမြို့နယ်အလိုက် နိုင်ငံတော် ဩဝါဒ ခန့်ရတာ။ တပည့်တော်တို့ ဗဟိုဝန်ဆောင် သုံးယောက် စည်းဝေးတာ တိုင်းဥက္ကဋ္ဌ ဆင်းတဲ့အတွက် တပည့်တော်တို့ နိုင်ငံ တော် ဩဝါဒတင်ချင်တယ်။ တစ်ပါးက အဆိုသွင်း တစ်ပါးကထောက်ခံ၊ တစ်ပါး က အဆိုသွင်းလိုက်တယ်၊ ကျန်တဲ့ ကိုယ် တော်တွေက ပိုင်းထောက်ခံလိုက်တယ် တဲ့။ သူတို့က ဖြစ်ချင်တဲ့ ဆန္ဒရှိနေတော့ ဘယ်တတ်နိုင်မလဲ။ ဘုန်းကြီးကတော့ အေးအေးနေချင်ပြီ။

တို့ကျောင်းတိုက်ရဲ့ ဩဝါဒစရိယ တွေ့ တယ်မဟုတ်လား။ စည်းကမ်းဥပဒေ တွေ။ တို့က ခေတ်ကာလအရ လျှော့ထားရတာ။ ခြောက်ဆယ်အောက်ငယ်နေရင် ဩဝါဒ မခန့်နဲ့။ အမျိုးမျိုးပါပဲ သူ့ခေတ်နဲ့ သူက နှစ်ပေါင်း ခြောက်ဆယ်လောက် ဆဋ္ဌ သင်္ဂါယနာတင်တဲ့ကိစ္စ၊ ဝါလေးဆယ်မပြည့် တဲ့ကိုယ်တော် မီးရထား၊ သင်္ဘောမစီးရ၊ လေယာဉ်ပျံမစီးရ၊ လေယာဉ်ပျံနဲ့ မပင့်ဘူး။ သင်္ဂါယနာဖွင့်ပွဲတွေ ပိတ်ပွဲတွေမှာ ရထား တွေ တန်းစီတွဲထိုးလာ၊ ဝါလေးဆယ်မပြည့် တဲ့ ကိုယ်တော်အထက်တန်းမတက်နဲ့။ တက်ထိုင်တဲ့ကိုယ်တော် မင်းဝါလေးဆယ် လား။ မပြည့်သေးရင်သွား. . . မတက်နဲ့။ အခုတော့ အဲလိုမောင်းချမယ့်ကိုယ်တော် ဘယ် ရှိလိမ့်မလဲ။ ဆဋ္ဌသင်္ဂါယနာတင်ကို ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခဲ့တဲ့ သံဃာ တော် ပူဇော်ချင်လို့ဆိုပြီး မနှစ်က ဝါတွင်း ကို သတင်းစာနဲ့ ဗီဒီယိုနဲ့ တစ်နိုင်ငံလုံး ကြေညာတယ်။ ၁၀ ပါးတည်းရတယ်။ ဘုန်းကြီး ရမှာမဟုတ်ဘူး၊ မလုပ်နဲ့။ ငါသိသလောက် ပြောရရင် မန္တလေး၊ ရန်ကုန် စုပေါင်းလိုက် ရင် ဆယ်ပါးထက် ပိုမှာမဟုတ်ဘူးလို့။ မဟုတ်ဘဲ ဆယ်ပါးပဲ လာတယ်။ ဒါနဲ့မလုပ် ဖြစ်ဘူး။ အခုချိန်မှာ သက်တော် ၈၀၊ ၉၀ လောက်ရှိနေမှ မှီခဲ့မှာ။ ဘုန်းကြီးက အ သက် ၃၀ ကျော်တည်းက အဲဒီရောက်နေ ပြီ။ ဘာလို့ရောက်တာတုန်း ဆိုတော့ သင်္ဂါယနာတင်ဖို့ရာ သင်္ဂါယနာနဲ့ တိုက်ဆိုင် တဲ့ မူတွေ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို သူတို့ အက္ခရာနဲ့ ရိုက်တယ် ပါဠိတော်တွေ၊ သီဟိုဠ်သူတို့ အက္ခရာနဲ့ရိုက်

စာ-၂၂ သို့

**မင်းအစိုးရဆိုတာ ဘာမတတ်နိုင်တာရှိလဲ။ ပြော အစိုးရကို။ အစိုးရဆိုတာ မဟုတ်ဘူးလား၊ တတ်နိုင်ရမယ်။ အဲဒါ ဆန်းဆင့်(သာသနာရေးဝန်ကြီး) စလုပ်တာ အတော်ကို အောင်မြင်တယ် ...**





ဓာတ်ပုံ-ဆန်းဝင်းထွန်း

နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော်ဘုရားကြီးထံမှ မြန်မာသံတော်ဆင့် အယ်ဒီတာအဖွဲ့နှင့် စီမံရေးရာတာဝန်ရှိသူများ ဩဝါဒခံယူနေကြစဉ်။

# မြို့တည် နန်းတည် မင်းတရားများနှင့် နေပြည်တော်

မြန်မာအစတကောင်းကဟုဆိုသည့်အတိုင်း တကောင်းမြို့ကို အဘိရာဇာမင်းတည်ခဲ့သည်ဟု မှတ်သားကြရသည်။ သရေခေတ္တရာ (ရသေ့)မြို့ကို မဟာသမ္ဘဝမင်းတည်ထောင်ခဲ့၍ ပုဂံပြည်(ပေါက္ကံပြည်) ယုန်လွတ်ကျွန်းအရပ်၌ ရွာကြီး (၁၉)ရွာကို စုပေါင်းစုစည်းပြီး သမုတိရာဇ်(သမုဒ္ဒရာဇ်)မင်းတည်ခဲ့ပြီးနောက်တစ်ဖန် လောကနန္ဒာမြစ်ဆိပ်အနီးသို့ ပျူပြားမင်းက ရွှေ့ပြောင်း၍ သီရိပစ္စယာ မြို့သစ်ကို တည်ခဲ့သည်။ အနော်ရထာမင်းကြီးက အရိမဒ္ဒနပေါက္ကံပြည်ကို တည်ထောင်ခဲ့သည်။

ပုဂံပျက်သောအခါ ရှမ်းညီနောင် သုံးဦးတို့က မြင်းစိုင်းမြို့ကိုတည်ခဲ့သည်။ တစ်ဖန် ငါးစီးရှင်ကျော်စွာကပင်းယသို့ ရွှေ့ပြောင်း၍(ပန်းရ)ဝိဇယပူရပင်းရမြို့ကိုတည်ခဲ့သည်။ ထို့နောက် သတိုးမင်းဖျားက အင်းဝအင်းကိုဖို့၍ မြို့တည်ခဲ့ရာ အင်းဝမြို့(အဝမြို့) ရတနာပူရမြို့ကို တည်ထောင်ခဲ့သည်။ နောက်ပိုင်းတွင် ရွှေဘိုစစ်ကိုင်းသို့ ရွှေ့ပြောင်းခဲ့ကြသဖြင့် ရတနာပူရအဝမြို့သို့ ၃ ကြိမ်ခန့် ပြန်လာ ပြီး မြို့တည်ခဲ့ကြရာ ရတနာပူရ ဒုတိယ မြို့တည် နန်းတည်မင်း၊ တတိယမြို့တည်နန်းတည်မင်း၊ စတုတ္ထမြို့တည်နန်းတည်မင်းဟူ၍ အမည်နာမပြောင်းလဲတွင်ခဲ့ကြသည်။အလားတူပင် အမရပူရမြို့တော်ကိုလည်း ဘိုးတော်ဦးဝိုင်းကတည်ထောင်ခဲ့သော်လည်း ဘကြီးတော်လက်ထက်တွင်အင်းဝသို့ ရွှေ့ပြောင်းပြီး ယင်း၏ညီတော် သာယာဝတီမင်းက ရွှေဘိုမြို့သို့ ပြောင်းရွှေ့သဖြင့်သာယာဝတီမင်းကိုကုန်းဘောင်မင်းဟု ခေါ်ဆိုကြသေးသည်။

ထို့နောက် ပုဂံမင်းလက်ထက်တွင် အမရပူရမြို့ကို တစ်ဖန်တည်ထောင်ပြန်သဖြင့် ပုဂံမင်းတရားကို(အမရပူရ) ဒုတိယမြို့တည်၊နန်းတည်မင်းတရားဟူ၍ ခေါ်ဆိုကြ ပြန်သည်။

ယင်း၏ညီတော် မင်းတုန်းမင်းတရားကြီးလက်ထက်တွင်မူ မန္တလေးတောင်ခြေ၊ မန္တလေးအရပ်သို့ ပြောင်းရွှေ့ပြီးမြို့ တည်ခဲ့ရာ ရတနာပုဏ္ဏ (ရတနာပုံ)မန္တလေးရွှေမြို့တော်ဖြစ်လာခဲ့သည်။

မင်းတုန်းမင်းတရားကြီးသည် မန္တလေးအရပ်သို့ မြို့ရွှေ့ပြောင်းလုပ်လိုသည်ကို သင့်မသင့် ရာဇဂုရုဆရာတော်ကြီး (၁၀) ပါးထံ ဩဝါဒခံယူခဲ့သည်။ ဆရာတော်ကြီး (၈)ပါးတို့က မြို့ရွှေ့ပြောင်းလျှင် တိုင်းပြည်အေးချမ်းသာယာ၍ စည်ပင်ဝပြောသာယာမည်ဟု အတိတ်တဘောင် ပေါ်ထွက်ကြောင်း၊ ဘုရင်အလိုကျ စာဆက်သွင်းကြသည်။ ကျန်ဆရာတော် ၂ ပါးတို့ကမူ လက်ရှိအမရပူရမြို့မှ မရွှေ့သင့်ကြောင်း၊ အရွှေ့အပြောင်းများပါက (သုံးနေရာပြောင်း၊ သုံးဝလုံးသာကျန်) ဆိုသကဲ့သို့ ပြည်သူပြည်သားများ ဆင်းရဲဒုက္ခရောက်ကြရမည်ဟု ကန့်ကွက်စာများတင်သွင်းခဲ့ကြသည်။

မင်းတုန်းမင်းတရားကြီးသည် မန္တလေးမြို့ကို တည်ထောင်ရာ၌ ရှေးဦးစွာ မတ္တရာမြစ် (မတ္တရာချောင်း)ကို ဆည်ပိတ်ဆို့၍ ရန်ကင်းတောင်ခြေမှ တစ်ဆင့် ရွှေမြို့တော်ကျုံးအတွင်းသို့ ရေသွင်းနိုင်အောင် စီစဉ်ခဲ့သည်။ မင်းတုန်းမင်းဖို့ခဲ့သည့် ဆည်ကို (ဆည်တော်ကြီး)ဟု ခေါ်ဆို၍ ဆည်တော်ကြီးမှ ရန်ကင်းတောင်ခြေသို့ သွယ်ဖောက်ခဲ့သော တူးမြောင်းကြီးကို မဟာနန္ဒီဟု ခေါ်တွင်ခဲ့သည်။ စာဆိုတော် ဦးပုညက မဟာနန္ဒီမော်ကွန်းကို ရေးသားဆက်သွင်းခဲ့သည်။

မြို့တည်ရာ၌ မြို့ရိုးသုံးဆင့်၊ ကျုံးသုံးတန် တည်ဆောက်သည်။ နန်းတော်ကြီးကိုလည်း အပြည့်အစုံ တည်ဆောက်ခဲ့ရာ (၁၂၂၁)ခုနှစ်တွင် ပြီးစီးသဖြင့် နေပြည်တော်ကို အမရပူရမြို့မှ မန္တလေးမြို့သို့ ပြောင်းရွှေ့စေခဲ့သည်။ ဘုရင်မှူးမတ်နှင့် သက်ဆိုင်သော အဆောက်အအုံများ ပြီးပြည့်စုံသော်လည်း သာမန်တိုင်းသူပြည်သားများအနေဖြင့် နောက်ထပ် (၂)နှစ်ခန့် အချိန်ယူ၍ နေရာညွှန်ပြ ပြောင်းရွှေ့ကြရသည်။

မင်းတုန်းမင်းတရားကြီးသည် မြတ်စွာဘုရား ကြွတော်မူလာစဉ်က စန္ဒမုခီဘီလူးမဖြစ်ခဲ့၍ မြတ်စွာဘုရားရှင်အား ကြည်ညိုသဒ္ဓါလွန်ကဲသဖြင့် (အသားမြတ်) နို့စဖက်ကို လှီးဖြတ်၍ မြတ်စွာဘုရားအား လှူဒါန်းခဲ့ရာ ဘုရားရှင်က ဤဘီလူးမသည် ငါဘုရားသာသနာတော်နှစ် ၂၄၀၀ ကျော်သောအခါတွင် မန္တလေးအရပ်၌ မြို့ကြီး ပြကြီး တိုင်းကြီး ပြည်ကြီးဖြစ်လတ္တံ့၊ ထိုအခါ ဤစန္ဒမုခီဘီလူးမသည် ဘုန်းတန်ခိုးကြီးသော မင်းတရားဖြစ်၍ ငါဘုရားသာသနာတော်ကို ချီးမြှောက်ထောက်ပံ့လတ္တံ့"ဟု ဗျာဒိတ်ပေးတော်မူခဲ့သည်။ မန္တလေးတောင်ပေါ်မှ မန္တလေးမြို့သို့ မြတ်စွာ ဘုရားလက်ညှိုးညွှန်ပြနေတော်မူသည့် မတ်ရပ်တော်ရုပ်ပွားတော်ကြီးကို ဖူးတွေ့နိုင်ပါသည်။

ရန်ကုန်မြို့ကိုမူ ခရစ်နှစ် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်စစ်တပ်က သိမ်းပိုက်လျက် လူနေအိမ်များနှင့် ဘုရားကျောင်းကန်များကို လျော်ကြေးမပေးဘဲ၊ မြေစားလည်းမပေးဘဲ မောင်းထုတ်လိုက်သည်။ ဖျက်ဆီးပစ်ခဲ့သည်။ ဘုန်းကြီးကျောင်းများအားလုံးကို သိမ်းပိုက်၍ အင်္ဂလိပ်စစ်တပ် တပ်စွဲချထားလိုက်သည်။ ဆူးလေဘုရားတစ်ဝိုက်ရှိစေတီများကို ဖျက်ဆီးရှင်းထုတ်ပြီး ဘုန်းကြီးကျောင်းများကိုမူ သရက်တောကျောင်းတိုက်နေရာသို့ ရွှေ့ပြောင်းခွင့်ပေးခဲ့သည်။ လေဟာပြင်ဈေးအရှေ့ထိပ်၌ စေတီကြီး ၂ ဆူ၊ သိမ်ကြီးဈေး နာရီစင်နေရာ၌ နောင်တော်ကြီးဘုရားကဲ့သို့ ကြီးမားမြင့်မားသော (ကျိုက်မြတ်သံချို) (ကျိုက်မြတ်သံခရော)ဟူသော စေတီကြီးကိုဖျက်ဆီး၍ လမ်းဖို့ပစ်လိုက်သည်။ ဆူးလေစေတီတော်မှာမူ မြို့တည်ဆောက်သည့်အင်ဂျင်နီယာက စိတ်ကူးတစ်မျိုးပေါက်ပြီးအဝိုင်းကလေးလုပ်ထားလျှင် ပိုမိုလှပတင့်တယ်မည်ဟုယူဆ၍ မဖျက်မဆီးဘဲ ပကတိအတိုင်း အဝိုင်းပတ်ပြုလုပ်ခဲ့သည်။ ထိုစဉ်က မြန်မာတိုင်းရင်းသားများ ကိုးကွယ်သည့် စေတီများ၊ ဘုန်းကြီးကျောင်းများကို ဖျက်ဆီး၍ စစ်နိုင်သူတို့၏ ထုံးစံအတိုင်း မြန်မာတို့ကို သုံ့ပန်းများ၊ ကျေးကျွန်များအဖြစ် သတ်မှတ်ကာ လူရာမသွင်းခဲ့ကြချေ။ လူ့အခွင့်အရေးဆိုသည်မှာ (ကိုယ်ချင်းစာတရား) အင်္ဂလိပ်တို့၏ အဘိဓာန်ထဲ၌ ထိုအချိန်က မရှိသေးချေ။

စာမျက်နှာ ၄၃ သို့

ပြည်ပရန်သူတို့ အလွယ်တကူ ထိုးဖောက်ဝင်ရောက်ရန် ခက်ခဲလှပေသည်။ နေပြည်တော်တည် ဆောက်ထားပုံကို အသေးစိတ်လေ့လာ ကြည့်ရှုပါက ရောက်လာသမျှသော ကမ္ဘာ့နိုင်ငံအသီးသီးက တအံ့တသြ ချီးကျူးကြသည်...





မောင်အံ့(မဟာဝိဇ္ဇာ-ဘုံဘော)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။





မြန်မာသံတော်ဆင့်
THE MYANMAR HERALD
အတွဲ-၃၊ အမှတ် ( ၃၃ )၊ အောက်တိုဘာ ၂၅ –၃၁ ၊ ၂၀၁၄ ခုနှစ်



မောင်မြား

# ခေါက်ရှာငှက်ပျံလောကစံ
# စုန်ဆန်မနားကျွန်တော်စာနယ်ဇင်းသမား

**မိမိတို့ သက်တမ်းတစ်လျှောက် အဖေနဲ့အမေတို့ ကတောက်ကဆဖြစ်သည်ကို အလွန်မြင်ရခဲ့သည်။ ဦးသန့်၏ကမ်းလှမ်းမှုအပေါ် အဖေမတုံ့ပြန်ခဲ့သည့်အတွက် အမေက အဖေ့ကို ခွန်းကြီး ခွန်းငယ် ညှော်ထောက်ခံ မြည်တွန်တောက်တီးခြင်းမပြုသော်လည်း အဖေ့ကွယ်ရာတွင်မတော့ မိမိတို့ညီအစ်ကိုအား “နင့်အဖေက ခွေးဖြူလူတောမတိုး”ဟူ၍သာ ...**

ယခင်အပတ်မှအဆက်

အဖေက ဦးသန့်အား ဂါရဝပြုသွားရောက်တွေ့ဆုံသည့်အခါမိမိတို့က ဦးသန့်ကို မမြင်ဖူးလို့ တွေ့ချင်ပါသည်ဆိုသည့် တောင်းဆိုချက်ကို လိုက်လျောသည့်အနေဖြင့် မိမိတို့ ညီအစ်ကိုနှစ်ယောက် (မောင်မောင်နှင့်အလင်း)ကို အဖေက ခေါ်သွားသည်။

ဦးသန့်သည် အိမ်ရှေ့ညှော်ခန်းတွင် ဆရာကြီးဦးအေးမောင်နှင့်အတူ ထိုင်ပြီး စကားလက်ဆုံကျနေကြသည်။ သူတို့နှံဘေးတွင် အိမ်သားအချို့ရှိနေကြသော်လည်း မိမိမမှတ်မိချေ။ အဖေက ဦးသန့်ကို မြင်သည်နှင့် ညှော်ခန်းကြမ်းပြင်မှာ ထိုင်လျက်က လက်အုပ်ချီကန်တော့သည်။ ဦးသန့်၏ မျက်လုံးမျက်ဖန်နှင့် နှုတ်ခမ်းတို့သည် Prominent ဖြစ်သည်။ အဲဒီအချိန်က မိမိတွေ့ဖူးမြင်ဖူးသည့်လူကြီး (ဦးနုကဲ့သို့)မျိုးနှင့်မတူ။ ဦးနုသည် ဝါးခယ်မသားဖြစ်ပြီး ဦးသန့်က ပန်းတနော်သားဟုသိရသည်။ ဦးသန့်သည် ကပြားစပ်ဟန်တူသည်။ အဖေက သူ့ဆရာတွေ၏ မိသားစုများအကြောင်း မိမိတို့ အတုခိုးလိုက်နာရန် မကြာခဏဥပမာပေးဆုံးမလေ့ရှိသည်။ ဒေါ်နန်းသောင်၊ ဦးသန့်၊ ဦးခန့်၊ ဦးတင်မောင်၊ ဦးသောင်း။ (ဒေါ်)အေးအေးသန့်၊ (ဦး)တင်မောင်သန့်(ဗမာပြည် ခေတ္တပြန်လာခိုက် မော်တော်ကားအက်ဆီးဒင့်ဖြင့်သေဆုံးသွားရှာသူ ဦးသန့်၏ တစ်ဦးတည်းသောသား) စသည်တို့အကြောင်း အဖေအခါအားလျော်စွာ ပြောပြလေ့ရှိရာ ဦးသန့်သည် မိဘကို အလွန်ရိုသေကိုင်းရှိုင်းပြီး သေတစ်ပန်သက်တစ်ဆုံး ကျွေးမွေးလုပ်ကျွေးခဲ့သူဖြစ်သည်ဟု အဖေက ပြောသည်။ ဦးသောင်းနှင့်ဦးတင်မောင်ကိုတော့ ၁၉၇၄ ခုနှစ် ဦးသန့်အရေးအခင်းတွင် ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းရှိ တောင်ငူဆောင်တွင် တရားဟောစဉ် မိမိနားထောင်ဖူးသည်၊ မြင်ဖူးသည်။ ဦးခန့်ကား ပန်းဆိုးတန်းတွင် နေထိုင်သူဖြစ်ရာ မိမိ ၃၂ လမ်းတွင်နေသည့်အခါ အဖေနှင့်အတူသွားရင်းလာရင်း ဦးခန့်နှင့်တကွ သူ၏သားကိုပါ မြင်ဖူးခဲ့သည်။

ပန်းတနော်ဦးအေးမောင်အိမ်တွင် ဦးသန့်အား အဖေဂါရဝပြုသွားရောက် တွေ့ဆုံခဲ့ပုံကို ပြန်ပြောပါမည်။ အဖေထိုင်ကန်တော့ပြီးသည်နှင့် ဦးသန့်က “နိုင်ငံရေးသမားဟောင်းတွေနဲ့ ပူးပေါင်းပြီး အခမဲ့ပညာသင်ကျောင်းတစ်ကျောင်းမှာ မင်းအင်္ဂလိပ်စာပြနေတယ်ဆိုတာကို Nation သတင်းစာမှာလည်း ငါဖတ်လိုက်ရ တယ်။ အခုကိုအေးမောင်ကလည်း ငါ့ကိုပြောပြတယ်။ ဝမ်းသာတယ်ကွာ”။ အဖေ ဘာမှပြန်မပြော၊ အဖေနှင့်ဦးသန့်အကြား ခေတ္တစကားပြတ်သွားသည်။ ဦးသန့်ကပဲ စကားပြန်ဆက်သည်။ “မောင်ဖေအောင် မင်းငါနဲ့လိုက်ခဲ့မလား။ နောက်တော့ မင်းမိသားစုကို ခေါ်ပေါ့ကွာ”ဟူသော ဦးသန့်၏ ဖိတ်ခေါ်မှုကို ဖိမန္တကအပေါ် မိမိတို့ညီအစ်ကိုနှစ်ယောက် အဖေ့မျက်နှာကို ပြိုင်တူလှမ်းကြည့်လိုက်သည်။ “ကျွန်တော်စဉ်းစားပါ့မယ်ဆရာ”ဆိုသည့်စကားတစ်ခွန်းနောက်တွင် အလွန်နည်းပါးသည့်စကားခွန်းရေကို တုံ့ပြန်ပြောဆိုပြီး ဦးသန့်အား မိမိတို့ပါကန်တော့နှုတ်ဆက်ပြီး ပြန်လာကြသည်။

ဦးသန့်ပေးသည့် offer ကို အဖေဘာမှ မတုံ့ပြန်သည့်အတွက် အဖေ့သဘောထားကို ကာလအတန်ကြာသည့်အခါ မိမိတို့ သဘောပေါက်လိုက်ကြရသော်လည်း ဦးသန့်ခေါ်သည်ကို အဖေဘာကြောင့် မလိုက်ဆိုသည်ကို အဲဒီလိုပူပူနွေးနွေးကာလမှသည် နောက်နှစ်ပေါင်းများစွာတိုင်အောင် မိမိတို့ အဖေ့ကို မမေးခဲ့ကြသလို အဖေကလည်းဘာကြောင့်မလိုက်ဆိုသည်ကို အမေအပါအဝင် မိမိတို့ကိုပြောမပြခဲ့ချေ။ မိမိတို့သက်တမ်းတစ်လျှောက် အဖေနဲ့အမေတို့ ကတောက်ကဆဖြစ်သည်ကို အလွန်မြင်ရခဲ့သည်။ ဦးသန့်၏ကမ်းလှမ်းမှုအပေါ် အဖေမတုံ့ပြန်ခဲ့သည့်အတွက် အမေက အဖေ့ကို ခွန်းကြီးခွန်းငယ် ညှော်ထောက်ခံမြည်တွန်တောက်တီးခြင်းမပြုသော်လည်း အဖေ့ကွယ်ရာတွင်မတော့ မိမိတို့ညီအစ်ကိုအား “နင့်အဖေက ခွေးဖြူလူတောမတိုး”ဟူ၍သာ ကောက်ချက်ချလိုက်သည်။ အဲဒီအချိန်ကစပြီး အဖေ့ subject လည်း နို့ဖွဲ့တံသွားပြီး မိမိတို့လည်း ဘယ်တော့မှ အဲဒီအကြောင်းမပြောဆိုကြတော့ချေ။

အဖေသည် နိုင်ငံရေးသမား သခင်ဘဝခံယူခဲ့သူတစ်ဦးဖြစ်သော်လည်း အတွင်းစွဲဘဝ (introverted) ဖြစ်သည်။ လောကခံကိုကြိတ်မှိတ်ခံစားတတ်သည်။ အမေသည် ပုံပြောကောင်းသည်၊ သီချင်းဆိုကောင်းသည်၊ မိမ္ဗိသာရမင်းကြီးနှင့် အဇာတသတ်ကိုဖွဲ့သည့် မိဘမေတ္တာဘွဲ့သီချင်း၊ ဒေါ်လှရွှေရဲ့ မိုးဒေဝါ၊ စန္ဒကိန္နရီစသည့် သီချင်းများနှင့် ဒေါ်မေရှင်၏ သီချင်းများသည် သူ၏သားချော့တေးများ ဖြစ်လာခဲ့သည်။ မိမိဆိုလိုချင်သည်မှာ အမေက ပုံပြောကောင်း၊ အဆိုကောင်း အပြောကောင်းဖြစ်သည်။ အဖေက မိမိတို့အား များစွာသော အဖေတို့၏ စရိုက်နည်းတူ မိမိတို့အား ပုံခဏခဏပြောပြလေ့မရှိ။ သို့ရာတွင် အဖေပြောပြသော ပုံတစ်ပုံရှိသည်။ မိမိမှတ်မိသလောက် ပြန်လည်ပြောပြပါမည်။ ဒီလိုပါ –

“တစ်ရံရောအခါ မြို့ကြီးတစ်မြို့၌ နေထိုင်သော လူတစ်ယောက်သည် စိတ်ဒုက္ခ အလွန်ရောက်သောကြောင့် ရေထဲသို့ခုန်ချပြီး မိမိဘဝကိုအဆုံးစီရင်ရန် မြစ်တစ်စင်းအနားသို့ သွားရောက်ခဲ့လေသည်။ သူသည် ငွေကြေးချမ်းသာပြည့်စုံသော သူတစ်ယောက်ဖြစ်၏။ သို့သော် ကိုယ်ကျိုးအတွက်သာလျှင် ထိုငွေများကို သုံးဖြုန်းခဲ့လေသည်။ အသက်ရှင်၍ နေရခြင်းသည် သူ့အဖို့ အဓိပ္ပာယ်ကင်းလျက်ရှိ၏။ သူသည် ပျော်မွေ့ခြင်းအမှန်စင်စစ်ကို မသိရှာပေ။ တံတားပေါ်မှခုန်ချ၍ မိမိအသက်ကို အဆုံးစီရင်ရန်နေရာနှင့် မလှမ်းမကမ်းတစ်နေရာ၌ ကူညီမစခြင်းကို လိုအပ်နေသည့် မိန်းကလေးတစ်ယောက်နှင့် တွေ့ဆုံလေသည်။ တွေ့သည်နှင့်ပင် ထိုမိန်းကလေး၏ မေတ္တာရပ်ခံချက်အရ ထိုသူသည်အိမ်တစ်အိမ်၏ လှေကားမှနေ၍ အပေါ်ထပ်သို့ တက်သွားခဲ့ရာ မှောင်နေသော အခန်းတစ်ခန်း၏ ခုတင်တစ်ခုပေါ်၌ ဖျားနေသည့်မိခင်တစ်ယောက်ကို တွေ့ရှိရလေသည်။ ဤအဖြစ်သနစ်ကို တွေ့မြင်ရသောသူ၏စိတ်၌ အလွန်ထိခိုက်သွားရာ ချက်ချင်းဆိုသလို ဖျားနာနေသည့် ထိုမိခင်အား ဆေးဝါးကုသပေးရန် အစီအစဉ်များပြုလုပ်လေသည်။ ထိုအိမ်၌ လိုအပ်သော မရှိမဖြစ်ပစ္စည်းများကိုလည်း ဝယ်ပေးရန် အစီအစဉ်များပြုလုပ်လေသည်။ ထို့နောက် ဈေးသို့သွား၍ အစားအစာမွေ့ရာနှင့် အဝတ်အစားများကို ဝယ်ယူခဲ့လေသည်။ သူတစ်ပါးကို မ, စရသော အလုပ်ကို လုပ်ကိုင်ရသော သူ၏တစ်သက်တာ၌ အသစ်အသစ်သော ပျော်မွေ့ခြင်းကို တွေ့ရှိလာခဲ့လေသည်။ သူသည် တစ်စုံတစ်ယောက်ကို ကူညီမစနေ၏။ သူသည် ဝယ်ခြမ်းပြီးသော ပစ္စည်းများကို ထိုအိမ်၏ အပေါ်ထပ်သို့ ယူဆောင်သွားသောအခါ ထိုအိမ်နှင့်ထိုအိမ်တွင်ရှိသော မိသားစုဝင်များ စိတ်ဝမ်းနှလုံး တောက်ပပြုံးရွှင်နေသည်ကို မြင်ရသောအခါ မိမိ၏ စိတ်ထဲတွင် ပျော်ရွှင်သောစိတ်သဘောအသစ်ဝင်ရောက်လာခဲ့လေသည်။ သူ့အတွက် အသက်တာသည် အလွန်ကြီးသော အခွင့်အရေးများရှိနေကြောင်းကို တရေးရေးတွေ့မြင်သိနားလည်ခဲ့လေသည်။ အိမ်သူအိမ်သားများကိုနှုတ်ဆက်ပြီးသည့်နောက် ပြန်လာဦးမည်ဟု ပြောဆိုခဲ့သော်လည်း သူ၏အကြံအစည်အတိုင်း ပြန်လာနိုင်မည်၊ မနိုင်မည်ကို သူကိုယ်တိုင်မသေချာ။ ထိုသူသည် ယခင်မိန်းကလေးနှင့်တွေ့ဆုံရာနေရာသို့ ရောက်သောအခါ ခေတ္တရပ်၍ မိမိကိုယ်ကိုယ်ပြန်မေးစမ်းမိသည်။ “ငါဒီမိန်းကလေးကိုမြင်တုန်းက ဘယ်ကိုသွားမလို့ကြံစည်ခဲ့သလဲ”။ သို့သော်လည်း ထိုသူသည် မိမိကြံစည်ထားသောနေရာသို့ မသွားပေ။ အသက်ရှင်နေဖို့အကြောင်းသူတွေ့မြင်ခဲ့ပြီး သူတစ်ပါးကိုကူညီ၍ သူတို့အလိုရှိသောအရာများကိုပေးကမ်းခြင်းဖြင့် ပျော်မွေ့ခြင်းကို တွေ့ခဲ့ပြီ”

အထက်ပါအကြောင်းအရာသည် အဖေနိုင်ငံရေးကို တစိုက်မတ်မတ်လုပ်ခဲ့ရသည့်အကြောင်းများအနက် တစ်ကြောင်းဟု အဖေပြောဖူးသည်။ အဖေသည် သူဘာကြောင့် နိုင်ငံရေးလုပ်ခဲ့သည်ကို မိမိတို့အား ရေးကြီးခွင်ကျယ်ပြောပြလေ့မရှိ။ သူပြောတာတစ်ခုတော့ အထင်အရှားရှိသည်။ အဲဒါက “ဖေဖေတို့ခေတ်၊ ဖေဖေတို့အချိန်က နိုင်ငံရေးအလုပ်က နိုင်ငံသားတိုင်းအတွက် မဖြစ်မနေလုပ်ရမည့် 'must' ပဲကွ”ဟုဆိုခဲ့သည်။

အဖေတို့အမေတို့နှင့် မိမိတို့ဆွေမျိုးသားချင်းအချို့ ပြောပြချက်အရ မိမိအား လမ်း ၃၀မှာမွေးသည်။ လမ်း ၃၀မှာနေခဲ့သည်ဆိုသော်လည်း မိမိမှတ်မိသည်က စကော့ဈေး (ဗိုလ်ချုပ်ဈေး)တွင်နေထိုင်ခဲ့ရစဉ်က အမှတ်ရသည်။ အဖေက ပန်းထိမ်လုပ်သည်။ မိမိတို့အိမ်သည် စကော့ဈေးမြောက်ဘက်တန်းနှင့်မျက်နှာချင်းဆိုင်တွင် ဈေးရုံများရှိရာ ဈေးရုံတစ်ရုံနှင့်တစ်ရုံကြား မြေကွက်လပ်ပေါ်မှာ အမိုးအကာလုပ်ပြီး အိမ်သဖွယ်နေထိုင်ကြခြင်းဖြစ်သည်။ ရန်ကုန်ကိုစတင်ပြောင်းပြောင်းလာခြင်း အဖေနှင့်အမေတို့ရဲ့ ဘဝတိုက်ပွဲရဲ့ အစပိုင်းကာလဟုအမေပြောသည်။ အမေသည် ဟိုခေတ်ဟိုအခါက သတ္တမတန်းအထိသာ ပညာသင်ကြားခွင့်ရခဲ့သည်။ ပန်းထိမ်ဖိုပီပီ မိမိတို့အိမ်တွင် တပည့်တပန်းများနှင့်တကွ ကျုံမငေး၊ ပန်းတနော်စသည့် မြို့များမှ အဖေနဲ့အမေရဲ့ နိုင်ငံရေးမိတ်ဟောင်းဆွေဟောင်း၊ အပေါင်းအသင်းများနှင့် အဖေနဲ့အမေတို့အိမ်သည် စည်ကားလျက်ရှိတော့သည်။

အဖေနဲ့အမေတို့အတွက် ပရိဒေဝမီးရိုက်ချက်သည် မကြာမတင်အတွင်းမှာ ရောက်ရှိလာတော့သည်။ မိမိ၏အစ်ကိုကြီး (ကိုကိုခင်မောင်မြင့်)နှင့် မိမိ၏အစ်မကြီး မမခင်ဝင်း(အဖေ့ယခင်အိမ်ထောင်မှပါလာသည့် အဖေ့ရဲ့သမီး)တို့ စကော့ဈေးအိမ်သာသို့ အခင်းကြီးသွားရင်း ကိုကိုခင်မောင်မြင့် လက်ညှိုးလက်မခွဆုံတွင် သံစူးသွားသည်။ (မိမိတို့အိမ်တွင် အိမ်သာမရှိသည့်အတွက် စကော့ဈေးအရှေ့ဘက်တန်းက အိမ်သာကိုပဲ နီးစပ်ရာသုံးရသည်) ခပ်ပေါ့ပေါ့နေခဲ့ရာက သံဆိပ်တက်ပြီး အဖျားတက်၊ နောက်ဆုံး မေးခိုင်ပိုးဝင်ပြီး ကိုကိုကွယ်လွန်သွားခဲ့ရာ အမေအရှုံးတစ်ပိုင်းဖြစ်ခဲ့ရတော့သည်။ ကိုကိုဆုံးတော့ ၈ နှစ်သားပဲရှိသေးသည်ဟုဆိုသည်။

မပဏ္ဍာမြေလူးဆိုသည်မှာ အမေ့အဖြစ်မျိုးဖြစ်မည်ထင်သည်။ အသုဘချမည့်နေ့ အသုဘယာဉ်အိမ်ရှေ့ရောက်လာပြီး ကိုကို့အလောင်းကို လာသယ်ချိန်တွင် အမေသည် သူ့သားကြီးရဲ့ခေါင်းတလားကို ရင်ခွင်ထဲတွင် ပွေ့ထားသည်။ ယူခွင့် မပေး။ အဖေနှင့်အတူ ဆွေမျိုးသားချင်း မောင်နှမအကြီးအကဲတွေက ပိုင်းဝန်းဖျောင်းဖျတော့မှ အမေအလျှော့ပေးလိုက်သည်။

ကိုကိုခင်မောင်မြင့်အလောင်း မြေကျပြီး နောက်တစ်နေ့မှာပဲ အမေ့ထံပူးဝင်နေသည့် ပရိဒေဝလောင်မီးသည် အမေ့ကိုဆောက်တည်ရာမရအောင် လောင်မြိုက်စေတော့သည်။ အဲဒီအချိန်က မိမိသည် ညီအစ်ကို ၃ ယောက်ရှိသည့်အနက် အငယ်ဆုံးသားဖြစ်ရကား အမေသည် မနက်မိုးလင်းသည်နှင့် မိမိအား ရေမိုးချိုး၊ သနပ်ခါးလိမ်း၊ အဝတ်အစားလဲပြင်ဆင်ပေးပြီး မျက်နှာသုတ်ပဝါလေးခေါင်းပေါ်တင် မိမိကို လက်ဆွဲပြီး နာနတ်တော၊ တာမွေ၊ ကြံတောစသည့် ကုလား၊ တရုတ်၊ မဟာမေဒင်သင်္ချိုင်းကုန်းပေါင်းစုံအနှံ့ ခြေဆန့်ပြီး သူ့သားကြီးရှိလိမ့်မယ်၊ ရောက်လာလိမ့်မယ်အထင်နဲ့ သင်္ချိုင်းကုန်းရှိ သစ်ပင်ကြီးကြီး၊ ညို့ညို့အောက်တွင် ထိုင်၍လည်းကောင်း၊ မတ်တတ်ရပ်၍လည်းကောင်း သူ့သားကြီးကို အော်ခေါ်သည်။ ငိုပြီးခေါ်သည်။ “ခွေးညိုရေ (အဖေတို့အမေတို့က ချစ်စနိုးပေးထားသည့် ကိုကိုခင်မောင်မြင့်နာမည်) မေမေလာပြီလေသား။ ဒီမှာမင်းညီလေးလည်းပါလာတယ်”လို့ ပြောပြီး မိမိကိုကြည့်ရင်း အမေသည် သူ့ပါးပေါ်တွင် အရှိန်ကောင်းကောင်းနှင့် စီးဆင်းနေသည့် မျက်ရည်တွေကိုလည်းကောင်း၊ မိမိပါးမှာရှိသည့် မျက်ရည်တွေကိုလည်းကောင်း သုတ်ပေးရင်းက “သားလေး ကိုကို့ကို ခေါ်လိုက်လေ၊ ကိုကိုရေလို့”။ မိမိလည်း အမေ့စကားဆုံးသည်နှင့် ကိုကိုရေ ကိုကိုခင်မောင်မြင့်”လို့ သာခေါ်လိုက်ပါသည်။ ရှေ့ဆက်မခေါ်တတ်သလို ဘာပြောရမှန်းလည်း မသိတော့ပါ။ အမေသည် မိမိကို သူ့ရင်ခွင်ထဲဆွဲသွင်းရင်းက သူ့သားကြီးရှိမည်ဟု သူထင်သည့်နေရာကိုမှန်းပြီး စကားလှမ်းပြောသည်။ အဲဒီအချိန်က အမေ့ရဲ့ရင်တွင်းဖြစ် သောကပရိဒေဝစကားအကုန်ကို မိမိမမှတ်မိတော့သော်လည်း “သားကြီးရေ လူလေး၊ ခွေးညိုရေ၊ အညိုရေ”ဆိုသည့် သားခေါ်လွမ်းချင်းများက နေဝင်ရီတရောအချိန်လောက်မှ ရပ်ရှာတော့သည်။

မိမိအမှတ်သညာအရဆိုလျှင် ၁၉၅၂–၅၃ခန့်တွင် ကိုကို(ခင်မောင်မြင့်)ဆုံးသည်။ အဖေနဲ့အမေအပါဝင် မိမိတို့ တစ်မိသားစုလုံးအား လောင်မြိုက်စေသည့် ပထမဦးဆုံး ပရိဒေဝသောကမီးဖြစ်သည်။ အထူးသဖြင့် အမေအထူးခံစားရရှာသည်။ အဲဒီအချိန်က အမေ့အဖြစ်သည် မပဏ္ဍာအဖြစ်ဆိုလျှင် မိမိသည် မပဏ္ဍာကို ပထမဦးဆုံးကြုံတွေ့ရသူဖြစ်မည်။

အဲဒီအချိန်တွင် မိမိအသက်အရွယ်အရ ဘိုးမင်းခေါင်နှင့် ရွှေတိဂုံဘုရားများမှအပ ဘုရားစုံမဖူး ဖူးသော်လည်း ရန်ကုန်မြို့တွင်ရှိကြသည့် သင်္ချိုင်းကုန်းပေါင်းစုံအနှံ့ အကုန်ရောက်ဖူးသည်။ မနက်မိုးလင်း ၉ နာရီခန့်ဆိုလျှင် သားအမိနှစ်ယောက် သင်္ချိုင်းကုန်းတစ်ခုခုသို့ ရောက်နှင့်နေပြီးသားဖြစ်သည်။ အဲဒီအချိန်တွင် “သားကြီးရေ – အညိုရေ”ဆိုသည့် ငိုသံတစ်ဝက်ရောလျက် နီးစပ်ရာ သစ်ပင်အောက်သို့ အပြေးရောက်သွားပြီး ခပ်လှမ်းလှမ်းတွင် ကျန်ခဲ့သည့် မိမိကို လက်ရပ်လှမ်းခေါ်သည်။ “သားလေး ကိုကိုရေလို့ လှမ်းခေါ်လိုက်”။

ဆက်လက်ဖော်ပြပါမည်

အတွဲ-၃၊ အမှတ် ( ၃၃ )၊ အောက်တိုဘာ ၂၅ -၃၁ ၊ ၂၀၁၄ ခုနှစ်

# ပါလီမန်ဒီမိုကရေစီခေတ်မှ ဖဆပလအဖွဲ့ချုပ်ကြီး၏ အကွဲအပြဲဇာတ်လမ်းများနှင့် နိုင်ငံရေးသင်ခန်းစာများ



လှမြင့်(ရန်ကုန်တက္ကသိုလ်)

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက်မြန်မာ့နိုင်ငံရေးသမိုင်းတွင်ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေးနှင့်ပြည်သူ့ လွတ်လပ်ရေး) အဖွဲ့ချုပ်ကြီးသည် အင်အားအတောင့်တင်းဆုံးသော အမျိုးသားတပ်ဦးနိုင်ငံရေးအဖွဲ့အစည်းကြီးအဖြစ် ရပ်တည်ခဲ့သည်။

၁၉၄၆ခုနှစ်တွင် ဖဆပလအဖွဲ့ချုပ်ကြီးမှ ဦးဆောင်သော အထွေထွေသပိတ်မှောက်တိုက်ပွဲများ အပါအဝင် လှုပ်ရှားတော်လှန်ဆန့်ကျင်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် ရှိရင်းစွဲကိုလိုနီအခြေအနေကိုဆက်လက်ထိန်းသိမ်းလိုသည့် ဘုရင်ခံချုပ် ဆာဒေါ်မန်စမစ်၏နေရာ၌ ဆက်ခံသူ ဗိုလ်ချုပ်ကြီးဆာဟူးဘတ်ရန့်စ်သည် ဘုရင်ခံကောင်စီတွင် ပူးပေါင်းပါဝင်ရန် ဖဆပလအဖွဲ့ကြီးအား ဖိတ်မန္တကပြုလုပ်ခဲ့သည်။

၁၉၄၆ခုနှစ်ဖဆပလအဖွဲ့ချုပ်ကြီးတွင် ပြည်သူ့ရဲဘော်အဖွဲ့၊ဆိုရှယ်လစ်အဖွဲ့၊ ကွန်မြူနစ်အဖွဲ့ဟူသော အဓိကအုပ်စုကြီး ၃စုစုစည်းပါဝင်ခဲ့သည်။ ဘုရင်ခံ၏ ကောင်စီ (ဝန်ကြီးအဖွဲ့)၏ ရာထူးခန့်ထားမှုများတွင် ဝန်ကြီးအဖွဲ့ (၂)နေရာအတွက် ကွန်မြူနစ်အဖွဲ့ကိုယ်စားလှယ်အဖွဲ့က ရရှိရန် ဆန္ဒရှိသော်လည်း တစ်ဦးတည်းသာ ရရှိခဲ့ခြင်းကြောင့် ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဖဆပလအထွေထွေအတွင်းရေးမှူး သခင်သန်းထွန်း (ကွန်မြူနစ်ပါတီ)တို့ အငြင်းအခုံဖြစ် သဘောထားစတင်ကွဲလွဲခဲ့ကြသည်။ သခင်သန်းထွန်းသည် ဖဆပလ အထွေထွေအတွင်းရေးမှူး အာဏာကို အသုံးချလျက် ဖဆပလအဖွဲ့ချုပ်ကြီး၏သော့ချက်နေရာဌာနများကို ကွန်မြူနစ်အဖွဲ့ဝင်များအား နေရာပေးခဲ့သည်။ယင်းသို့နေရာယူ လုပ်ကြံဖန်တီး၍ အာဏာကို အသုံးချသော စွဲချက်ဖြင့် ၁၉၄၆ခုနှစ်အောက်တိုဘာလ၌ ဖဆပလအဖွဲ့ချုပ်ကြီးသည် ကွန်မြူနစ်ပါတီကို ထုတ်ပယ်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် တောခိုသွားခဲ့သည်။ ယင်းဖြစ်ရပ်သည် ဖဆပလအဖွဲ့ချုပ်ကြီးအတွင်း၌ ပထမဦးဆုံးပေါ်ပေါက်ခဲ့သောကြီးမားသည့်သမိုင်းဝင်အကွဲအပြဲဇာတ်လမ်းဖြစ်သည်။ ထို့ကြောင့် ဖဆပလအဖွဲ့ကြီးတွင် ပြည်သူ့ရဲဘော်နှင့် ဆိုရှယ်လစ်ဟူသော အဖွဲ့အစည်းနှစ်ခုသာ ရှိတော့သည်။

၁၉၄၈ခုနှစ်၊ မေလ ၂၅ရက်နေ့တွင် ဝန်ကြီးချုပ်သခင်နု(ဦးနု)သည် ဖဆပလအဖွဲ့ကြီး၏ဥက္ကဋ္ဌအဖြစ်နှင့် အချက် ၁၄ ချက်ပါဝင်သောလက်ဝဲညီညွတ်ရေး အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ယင်း အစီအစဉ်တွင် လက်ဝါးကြီးအုပ်အရင်းရှင်များ၏ လက်ဝယ်သို့ရောက်ရှိနေသော စက်မှုလုပ်ငန်းများအား ပြည်သူပိုင်အဖြစ် သိမ်းယူရေး၊ လယ်လုပ်သူများအား လယ်ယာမြေပေးရေး၊ ပြည်ပကုန်သွယ်မှုကို နိုင်ငံတော်က ထိန်းချုပ်ရေး၊ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် မဟာဗျူဟာကျသော လွတ်လပ်မှုများကို မထိန်းနိုင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုကန့်သတ်ရေး၊ စက်မှုစီမံကိန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရေးတို့ ပါဝင်သည်။

သခင်နု၏ လက်ဝဲညီညွတ်ရေး အစီအစဉ်ကို ဖဆပလအဖွဲ့ကြီးအတွင်းရှိပြည်သူ့ရဲဘော်အဖွဲ့ဝင်များက သဘော မတူညီကြဘဲ လက်နက်ကိုင်တော်လှန် ပုန်ကန်နေသော အလံဖြူ၊ အလံနီ ကွန်မြူနစ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးသည်သာ လက်ဝဲညီညွတ်ရေးအတွက် အခြေခံ ဆောင်ရွက်ရမည့် လုပ်ငန်းအဖြစ် သတ်မှတ်ခဲ့သည်။ ဤသို့ဖြင့်ပြည်သူ့ရဲဘော်အဖွဲ့ကြီး အတွင်း၌ ရဲဘော်ဖြူနှင့် ရဲဘော်ဝါဟူ၍ အုပ်စုနှစ်ခု ထပ်မံကွဲခဲ့သည်။ရဲဘော်ဖြူအဖွဲ့သည် မြေအောက်ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းရန် ၁၉၄၈ခုနှစ်ဇူလိုင်လတွင် ထပ်မံတောခိုသွားခဲ့ကြသည်။ဖဆပလအဖွဲ့ချုပ်တွင် ကျန်ရစ်ခဲ့သော ရဲဘော်ဝါအဖွဲ့သည် ဆိုရှယ်လစ်အဖွဲ့နှင့် ပူးပေါင်းခဲ့သည်။ ယင်းအကွဲအပြဲဇာတ်လမ်းသည် ဖဆပလအဖွဲ့ချုပ်ကြီးအတွင်း၌သမိုင်းဝင်ဒုတိယအကွဲအပြဲဇာတ်လမ်း ဖြစ်သည်။

ဖဆပလအဖွဲ့ချုပ်ကြီးသည် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ရဲဘော်ဖြူတို့ကို ထုတ်ပယ်ပစ်ခဲ့ပြီးနောက် ဆိုရှယ်လစ်ပါတီသည် ဖဆပလအဖွဲ့ချုပ်ကြီးကို လွှမ်းမိုးနေသော တစ်ခုတည်းသော အင်အားစုကြီးဖြစ်လေသည်။ သို့သော်ဆိုရှယ်လစ် ပါတီအတွင်း၌လည်း ထပ်မံ၍အကွဲအပြဲ ဇာတ်လမ်းပေါ်ပေါက်လာခဲ့ပြန်သည်။ ဆိုရှယ်လစ်ပါတီအတွင်း၌ ဆိုရှယ်နီနှင့် ဆိုရှယ်ဖြူဟူ၍နှစ်ခုထပ်မံကွဲပြဲခဲ့သည်။ ဖဆပလအဖွဲ့ချုပ်၏ သမိုင်းဝင်တတိယ အကွဲအပြဲဇာတ်လမ်း ဖြစ်သည်။

ဆိုရှယ်နီတို့သည် ကွန်မြူနစ်လိုလားသူတို့ဖြစ်ကြသည်။ ဆိုရှယ်လစ်ပါတီအတွင်း၌ အကွဲအပြဲဖြစ်ရခြင်းနှင့် အဓိကအကြောင်းရင်းမှာ ကိုရီးယားစစ်ပွဲနှင့်ပတ်သက်သော ဖဆပလအစိုးရ၏မူဝါဒကိုပါလီမန်လွှတ်တော်၌ ဆိုရှယ်လစ်ခေါင်းဆောင်များဖြစ်ကြသော သခင်လွင်၊ သခင်ချစ်မောင်နှင့် သခင်လှကြွေတို့က ဝေဖန်ပြစ်တင်ဆွေးနွေးမှုမှ စတင်ခဲ့သည်။ ထိုပုဂ္ဂိုလ် ၃ဦးကို မိမိ၏ပါတီဖြစ်သော အစိုးရမူဝါဒကို ဝေဖန်ရှုတ်ချခဲ့သောကြောင့် ဖဆပလအဖွဲ့ချုပ်မှ ထုတ်ပယ်ခဲ့သည်။ အထုတ်ပယ်ခံ ပုဂ္ဂိုလ်များက ဗမာပြည်အလုပ်သမားနှင့် လယ်သမားပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယင်းပါတီသည် ဖဆပလအဖွဲ့ကြီးကို မြေပေါ်မှဆန့်ကျင်ခဲ့သော အင်အားအတောင့်တင်းဆုံး နိုင်ငံရေးပါတီအဖြစ် ထင်ရှားခဲ့သည်။

ဖဆပလအဖွဲ့ချုပ်ကြီးအတွင်းစတုတ္ထမြောက်နှင့် အပြီးသတ်အကွဲအပြဲ ဇာတ်လမ်းကြီးမှာဖဆပလအဖွဲ့ချုပ်ကြီးကို လွှမ်းမိုးချုပ်ကိုင်ထားသော ဆိုရှယ်လစ်ပါတီတွင်း အကွဲအပြဲသမိုင်းဝင်ဖြစ်စဉ်ပင် ဖြစ်သည်။ ဖဆပလအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌဖြစ်သောနိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်သော ဦးနုသည် ဖဆပလအဖွဲ့ချုပ်ကြီး၏ အဖွဲ့ကြီး ၃ဖွဲ့ဝင်မဟုတ်ဘဲ တစ်သီးပုဂ္ဂလ နိုင်ငံရေးသမားဖြစ်သည်။ ၁၉၅၂ခုနှစ်တွင် ဖဆပလအဖွဲ့ချုပ်ကြီးကိုဝန်ကြီးချုပ်ဦးနုခေါင်းဆောင်သော တစ်သီးပုဂ္ဂလနှင့် ဆိုရှယ်လစ်များဦးဆောင်ခဲ့ပြီး ခရိုင်မြို့နယ်များရှိ အလုပ်သမားအဖွဲ့နှင့် တောင်သူလယ်သမားများအစည်းအရုံးများသည် ဆိုရှယ်လစ်အုပ်စု သခင်တင်၊ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့၏ ဩဇာခံများ ဖြစ်ခဲ့ကြသည်။ တစ်သီးပုဂ္ဂလ ဦးနုသည် ဆိုရှယ်လစ် ခေါင်းဆောင်၃ဦးနှင့် မိတ္တဗလဋ္ဌိကာ လူပေါ်လူဇော်လုပ်နည်းခံ ဟူသော ကျင်လည်ပါးနပ်ပညာသားပါမှုနှင့်လိုက်လျောညီထွေပင် ဦးစွာလုပ်ကိုင်ဆက်ဆံဆောင်ရွက်ခဲ့သည်။

ဖဆပလအဖွဲ့ကြီးအတွင်း အပြီးသတ်စတုတ္ထအကြိမ်အကွဲအပြဲဇာတ်လမ်း သမိုင်းဖြစ်စဉ်သည်-

ဘဝင်မြင့်ရောဂါနှင့် သူတစ်ပါးကို အထင်သေးသော ရောဂါစွဲကပ်မှုတို့ကို အခြေခံ၍ ဆိုရှယ်လစ်ပါတီဝင်များအတွင်း ဂိုဏ်းဂဏ အယူအဆများကွဲခဲ့ခြင်း ဖြစ်သည်။ ဆိုရှယ်လစ်ပါတီဝင်များအတွင်း၌ ပညာတတ်လူတန်းစားအုပ်စုနှင့် ပညာမဲ့လူတန်းစားအုပ်စုဟူ၍ ထပ်မံကွဲပြားခဲ့သည်။ ပညာတတ်လူတန်းစားအုပ်စုကို ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့ ဦးဆောင်၍ ပညာမဲ့လူတန်းစားအုပ်စုကို သခင်တင်နှင့် သခင်ကျော်ထွန်းတို့က ဦးဆောင်သည်။ ပညာတတ်လူတန်းစားအုပ်စုက စက်မှုနိုင်ငံထူထောင်ရေးကို ယုံကြည်၍ ပညာမဲ့လူတန်းစားအုပ်စုက လယ်ယာစိုက်ပျိုးရေးအပေါ်တွင် အခြေခံရန်လက်ခံခဲ့ကြသည်။

၁၉၅၂ခုနှစ် ဩဂုတ်လတွင် ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်ဖြစ်သော မည်သည့်ဘက်ကိုမျှ ဘက်မလိုက်သေးသော ဦးနုသည် ပြည်တော်သာစီမံကိန်းကွန်ဖရင့်ကို ကျင်းပခဲ့သည်။ ယင်းစီမံကိန်းကွန်ဖရင့်ကို ကျင်းပပြီးနောက် ပညာတတ်လူတန်းစားအုပ်စုသည် စက်မှုလက်မှု၊ သတ္တုတွင်း၊ သမဝါယမဝန်ကြီးဌာနများကို ကိုင်တွယ်၍လည်းကောင်း၊ ပညာမဲ့လူတန်းစားအုပ်စုသည် လယ်ယာစိုက်ပျိုးရေး (တောင်သူလယ်သမား အစည်းအရုံး-ဗတလစ)၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးဝန်ကြီးဌာန၊စီးပွားကုန်သွယ်ရေးအဖွဲ့ (စပကသ)များကို ကိုင်တွယ်၍လည်း ကောင်း မိမိတို့သဘောကျ စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် လုပ်ဆောင်ခဲ့ကြသည်။

ဆိုရှယ်လစ်ပါတီအတွင်း၌ ပညာအရည်အချင်းကွဲပြားမှုပေါ်တွင် အခြေခံ၍ ပေါ်ပေါက်ခဲ့သောအုပ်စုအကွဲအပြဲဇာတ်လမ်းသည် ပိုမိုပြင်းထန်လာသည်။ ပညာမဲ့လူတန်းစားအဖွဲ့ကြီးက မိမိတို့၏ အဖွဲ့ဝင်များသည် ပညာမတတ်သော်လည်း သန့်ရှင်းကြောင်း၊ အုပ်စုဝင်ခေါင်းဆောင် ၃ယောက်ပေါင်းမှ ခုနစ်တန်းသာရှိသော်လည်း ပညာတတ်လူတန်းစားအဖွဲ့ကြီးမှ ဘွဲ့ရပုဂ္ဂိုလ်များထက် သန့်ရှင်းကြောင်း ကြွေးကြော်ခဲ့သည်။ ယင်းအဖွဲ့အစည်းကြီးနှစ်ရပ်သည် စည်းရုံးရေး အားပြိုင်မှုများမှတစ်ဆင့် ပုဂ္ဂိုလ်ရေးပဋိပက္ခအဖြစ်သို့ကြီးထွားလာခဲ့သည်။ဝန်ကြီးချုပ်ဦးနုသည် ဖဆပလအဖွဲ့ချုပ်ကြီးအတွင်း ဂိုဏ်းဂဏ ပဋိပက္ခများမှ လုံးဝကင်းရှင်းပြီး ယင်းပဋိပက္ခများ ရပ်တန့်သွားရန် မကြာခဏ ဖိအားပေးလုပ်ဆောင်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် တစ်သီးပုဂ္ဂလအဖြစ် ရပ်တည်ခဲ့သော ဝန်ကြီးချုပ်ဦးနုသည် ပုဂ္ဂိုလ်ရေးသံသယများ၊ အာဃာတများကို အကြောင်းရင်းခံပြု၍လည်းကောင်း၊ ဖဆပလအဖွဲ့ချုပ်ကြီးအတွင်း အာဏာလုမှုများကို အရင်းခံ၍လည်းကောင်း ၁၉၅၈ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် သခင်တင်၊ သခင်ကျော်ထွန်း ဦးဆောင်သောအဖွဲ့နှင့် ပူးပေါင်းခဲ့သည်။ ထို့ကြောင့် ဖဆပလအဖွဲ့ချုပ်ကြီးတွင် ဦးနုနှင့်သခင်တင်ဦးဆောင်သောနုတင်(သန့်ရှင်းဖဆပလ)နှင့် ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့ ဦးဆောင်သော ဆွေ-ငြိမ်း (တည်မြဲဖဆပလ)ဟူ၍ ၁၉၅၈ခုနှစ်တွင်အတိအလင်း နှစ်ခြမ်းကွဲခဲ့သည်။

ဤသို့ ဖဆပလအဖွဲ့ချုပ်ကြီးနှစ်ခြမ်းကွဲခဲ့ပြီးနောက် ပေါ်ပေါက်ခဲ့သောရလဒ်များမှာ နိုင်ငံရေးမတည်ငြိမ်မှုများနှင့် ခေါင်းဆောင်များ၏ နိုင်ငံရေးသိက္ခာထိ ပါးခံရမှု၊ သိက္ခာကျဆင်းမှုများပင် ဖြစ်သည်။ အုပ်စုနှစ်ခုသည် တစ်ဖက်နှင့်တစ်ဖက် စွပ်စွဲပုတ်ခတ်မှုများ ပြုလုပ်ခဲ့ကြသည်။ တစ်ယောက်နှင့် တစ်ယောက် လာဘ်ပေးလာဘ်ယူမှု၊ ငါ့တူ၊ ငါ့သား၊ ငါ့ မယားတို့ ကောင်းစားအောင်ဆောင်ရွက်မှု၊ မျက်နှာလိုက်မှုအာဏာမက်မှု၊ ကြာခိုမှု၊ ပြန်ပေးဆွဲမှု လူသတ်မှုကိစ္စများတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း အပြန်အလှန် စွပ်စွဲမှုများပြုလုပ်ခဲ့ခြင်းကြောင့် အုပ်စုနှစ်ခုစလုံးမှ ခေါင်းဆောင်များ၏ ဂုဏ်သိက္ခာများ ထိပါးခဲ့ရသည်။ အချို့သော စွပ်စွဲမှုများသည် အခြေအမြစ်မရှိသော်လည်း ဝါးလုံးရှည်နှင့် သိမ်းကျုံး၍ ရမ်းသော သဘောဖြင့် ဖဆပလအဖွဲ့ကြီး၏ ထိပ်ပိုင်း ခေါင်းဆောင်များသည် စွပ်စွဲပြောဆိုမှုခံရခြင်းမှ ကင်းလွတ်ခြင်းမရှိခဲ့ပေ။

ပါလီမန်ဒီမိုကရေစီ၏ နိုင်ငံရေးအကွဲအပြဲဇာတ်လမ်းသမိုင်းဖြစ်စဉ်များနှင့် ပတ်သက်၍ သတင်းစာဆရာကြီး ဂါးဒီးယန်း ဦးစိန်ဝင်းက -

အတိတ်ကာလဖြစ်ရပ်များအရ ဝန်ကြီးချုပ်ဦးနုသည်နိုင်ငံရေးသမားများ အားလုံးအနက်သူသည်အသန့်ရှင်းဆုံးဖြစ်ကြောင်း ပြသခဲ့သော်လည်း သူ၏ရောင်းရင်းများမှာ သူကဲ့သို့သန့်ရှင်းသူဖြစ် မလာခဲ့ခြင်းကိုမူ အလေးဂရုပြုခြင်းမရှိခဲ့ပေ။ဦးနုသည် သူ၏ နိုင်ငံရေးသက်တမ်းတစ်လျှောက်၌ ပြုလုပ်ခဲ့သည့်အကြီးဆုံးသောအမှားမှာ ဖဆပလအကွဲအပြဲတွင် ဘက်လိုက်ရန်ဆုံးဖြတ်ခဲ့ခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် ဝန်ကြီးချုပ်ဦးနုသည် ဝန်ကြီးချုပ်အဖြစ်မှ အရေးပေါ်အစည်းအဝေး၌ အိမ်စောင့်အစိုးရကို အာဏာလွှဲပြောင်း ပေးခဲ့ရသည်။

လွှတ်တော်အမတ်မဟုတ်သူ တစ်ဦးအား အိမ်စောင့်အစိုးရကို ဦးဆောင်နိုင်ငံရေးအတွက် ရွေးချယ်တင်မြှောက်ခဲ့ခြင်းမှာ မြန်မာ့သမိုင်း၌ ပထမဆုံးအကြိမ်ဖြစ်သည်။ ဤသို့ မကြုံစဖူးသောဖြစ်ရပ်မှာ အာဏာရပါတီဖြစ်သော ဖဆပလအတွင်း အကွဲအပြဲကြောင့်သာဖြစ်သည်။ ဖဆပလခေါင်းဆောင်များသည် နှစ်ပေါင်းရှည်ကြာစွာအာဏာယစ်မူးခဲ့ကြပြီးနောက် ရန်ဘက်အုပ်စုကြီးနှစ်ရပ်အဖြစ် ဖဆပလအဖွဲ့ကြီးကိုပြိုကွဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ဖဆပလအကွဲအပြဲကြောင့် ဤသို့သောဖြစ်ရပ်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပေသည်ဟူ၍ ၁၉၅၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလထုတ် ဂါးဒီးယန်းသတင်းစာကြီးတွင် နေ့စဉ်ဖော်ထုတ်ရေးသား သုံးသပ်တင်ပြခဲ့သည်။

**အာဏာရပါတီဖြစ်သော ဖဆပလအတွင်း**

**အကွဲအပြဲကြောင့်သာ ဖြစ်သည်။**

**ဖဆပလ ခေါင်းဆောင်များသည်**

**နှစ်ပေါင်းရှည်ကြာစွာ အာဏာယစ်မူးခဲ့ကြပြီးနောက်**

**ရန်ဘက်အုပ်စုကြီးနှစ်ရပ်အဖြစ်**

**ဖဆပလအဖွဲ့ကြီးကိုပြိုကွဲရန်**

**ဆုံးဖြတ်ခဲ့ကြသည် . . .**

၁၉၆၀ပြည့်နှစ် ဖေဖော်ဝါရီလ ၆ရက်နေ့တွင်အိမ်စောင့်အစိုးရသည် အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့ရာ ဦးနု၏ သန့်ရှင်းဖဆပလ အနိုင်ရရှိခဲ့သောကြောင့် ၁၉၆၀ပြည့်နှစ်ဧပြီလ၄ရက်နေ့တွင် သန့်ရှင်းဖဆပလအဖွဲ့သည် ဦးနုအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပြီး သန့်ရှင်းဖဆပလအဖွဲ့ကိုလည်း ပြည်ထောင်စုပါတီ (ပထစ)ဟူ၍ အမည်ပြောင်းလဲခဲ့သည်။ ဝန်ကြီးချုပ်ဦးနုသည် ငွေကြေးအကုန်သက်သာစေရေးကို အကြောင်းပြု၍ အစိုးရအဖွဲ့ကို ဝန်ကြီးဦးရေ နည်းနိုင်သမျှနည်းပြီး ဖွဲ့စည်းခဲ့ရာ ရာထူးခန့်ထားရေးနှင့် ပတ်သက်၍ ပါတီတွင်း မကျေနပ်မှုများ ပေါ်ပေါက်ခဲ့သည်။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်ခဲ့သော ခေါင်းဆောင်များကဗိုလ်ဟူသော အုပ်စုဖွဲ့သည်။ တက္ကသိုလ်ဘွဲ့ရ အစိုးရအရာရှိဟောင်းများနှင့်ရှေ့နေများက''ဦး'' ဟူသော အုပ်စုဖွဲ့သည်။ အချို့ကသခင်ဘဝကတည်းကပင် နိုင်ငံရေးလုပ်ခဲ့သောကြောင့် သခင်ဟူသော အုပ်စုဖွဲ့သည်။ ပြည်ထောင်စုပါတီ(ပထစ)သည် အစိုးရအုပ်ချုပ်မှုသက်တမ်းတစ်နှစ် မပြည့်မီမှာပင် ဦး၊ ဗိုလ်၊ သခင်ဟူ၍ အုပ်စု ၃စုဖြစ်လာပြီး အုပ်စုတိုက်ပွဲများ ဆင်နွှဲခဲ့ကြပြန်သည်။ ဦးအုပ်စုနှင့် ဗိုလ်အုပ်စုတို့ ပူးပေါင်းသွားပြီး ဦး-ဗိုလ်အုပ်စုနှင့် သခင်အုပ်စုတို့၏ ပဋိပက္ခပြင်းထန်ခဲ့သည်။ ပါတီတွင်းဦးဆောင်မှုနေရာ၊ အရေးပါသောနေရာများကို မိမိတို့အုပ်စုမှရရှိရေးအတွက် အပြိုင်အဆိုင် နေရာလုကာ ပဋိပက္ခများ ပြင်းထန်လာသည်။ နိုင်ငံရေးမတည်ငြိမ်မှုများ၊ အုပ်ချုပ်ရေးမဏ္ဍိုင်ယိမ်းယိုင်မှုများ၊ လူမျိုးရေး ပဋိပက္ခကြီးထွားလာမှုများ၊ သောင်းကျန်းသူ အန္တရာယ်များ၊ ပြည်ပအားကိုးသော ပဒေသရာဇ်အချို့၏ပြည်ထောင်စုပြိုကွဲမှု ကြိုးပမ်းမှုများစသော အာဏာရပါတီ ပထစအစိုးရ၏ စည်းလုံးမှုပြိုကွဲမှု အနိဋ္ဌာရုံဖြစ်စဉ်ဖြစ်ရပ်များကြောင့် ၁၉၆၂ခုနှစ်မတ်လ ၂ရက်နေ့တွင် ပါလီမန်ဒီမိုကရေစီစနစ် ပျက်သုဉ်းခဲ့သည်။ဖဆပလအဖွဲ့ချုပ်ကြီးပြိုကွဲခဲ့သည်။

**ကျမ်းကိုး**

၁။ တပ်မတော်သမိုင်း(စတုတ္ထတွဲ) (၁၉၄၈-၁၉၆၂ခုနှစ်)

၂။ အကွဲအပြဲဇာတ်လမ်း (ဂါးဒီးယန်း ဦးစိန်ဝင်း) (၁၉၅၉ခုနှစ်၊မတ်လ)

# အလောင်းစည်သူမင်းကြီး၏ စည်သူဆည်အနီး တည်ဆောက်သော စည်သူတံတားဖွင့်ပွဲ

## ရွှေကျင်ဂိုဏ်းနာယက လေးမျက်နှာဆရာတော်ကြီး၊ ရွှေပေါက်ကျွန်းဆရာတော်နှင့် ရှစ်မျက်နှာဆရာတော်တို့ ကြွရောက်ဖွင့်လှစ်



ဓာတ်ပုံ-ဆန်းဝင်းထွန်း



အလောင်းစည်သူမင်းကြီး၏ ကုသိုလ်တော် စည်သူဆည်

**မလှိုင်၊ အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်ရှိ အလောင်းစည်သူမင်းကြီးကုသိုလ်တော် စည်သူဆည်ကြီးအနီး တည်ဆောက်သော မလှိုင်မြို့နယ် ရွှေပေါက်ကျွန်းကျေးရွာနှင့် ဝမ်းတွင်းမြို့နယ် အင်းကုန်းကျေးရွာတို့ကိုဆက်သွယ်သည့် စည်သူတံတားဖွင့်ပွဲကို အောက်တိုဘာ ၁၉ရက်နံနက်ပိုင်းရှိခဲ့တွင်အဆိုပါ တံတားထိပ်မှဦးဆောင်ပြုလုပ်ရာ တံတားအလှူရှင် ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင်နာယကမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဓမ္မိက လေးမျက်နှာဆရာတော်ကြီးနှင့် ရွှေပေါက်ကျွန်း သာသနာပြုစခန်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ၊ ရှစ်မျက်နှာဆရာတော်တို့ ဘဒ္ဒန္တ ကဥနတို့ ကြွရောက်တော်မူပြီး မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်ဝေသုံ၊ အလှူရှင် ဦးစိန်လှိုင်+ဒေါ်ကြည်ကြည်မြင့်(စင်ကာပူနိုင်ငံ)တို့နှင့်အတူ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခဲ့သည်။



ရှစ်မျက်နှာဆရာတော်၊ လေးမျက်နှာဆရာတော်ကြီးနှင့် ရွှေပေါက်ကျွန်း ပဓာနနာယကဆရာတော်



ရှစ်မျက်နှာကျောင်းတိုက်ဆရာတော်နှင့် ရွှေပေါက်ကျွန်းသာသနာပြုစခန်းပဓာနနာယက ဆရာတော်များ ဇီဝိတဒါန ဆေးကုသမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်



လေးမျက်နှာဆရာတော်ကြီးနှင့် ရွှေပေါက်ကျွန်း ပဓာနနာယကဆရာတော်တို့ မော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းတော်မူစဉ်

စည်သူတံတားသည် လေးမျက်နှာဆရာတော်ကြီး၏ ဇာတိဝမ်းတွင်းမြို့နယ်၊ အင်းကုန်း အလမ္မာယ်ကျေးရွာမှ စုပေါင်းလှူဒါန်းမှုများလည်း ပါဝင်ပြီး တံတားဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အင်းကုန်းကျေးရွာတွင် ဇီဝိတဒါနဆေးကုသခြင်း၌ တိုင်းရင်းဆေး၊ အရိုးအကြော၊ မျက်စိ၊ ကလေး၊ သားဖွားမီးယပ်၊ အထွေထွေ ရောဂါများကိုလူနာ ၁၀၀၀ကျော် ကုသခြင်း၊ ကျေးရွာမှ မှတ်ပုံတင် မရရှိသေးသူများအား နိုင်ငံသား စိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့သည်။ စည်သူဆည်မြောင်းလမ်းတံတား ဖွင့်ပွဲသို့ မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူးနှင့်အတူခရိုင်လဝက ဦးစီးမှူး ဦးဌေးအောင်ကျော်၊ ခရိုင်ပညာရေးမှူးဦးမြင့်ဆွေ၊ ခရိုင်စိုက်ပျိုးရေးမှူး ဦးတိုးမင်း၊ ခရိုင်မြေစာရင်းမှူးဦးဝင်းကိုကို၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကြည်ကြည်နိုင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဝမ်းတွင်းမြို့နယ်နှင့်မလှိုင်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ် စားလှယ်များတက်ရောက်ခဲ့ကြ ပြီး နံနက်စာ၊ နေ့လယ်စာများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။



လေးမျက်နှာဆရာတော်ဘုရားကြီး၏ ဇာတိ ဝမ်းတွင်းမြို့နယ်၊ အင်းကုန်းကျေးရွာ၌ စည်သူတံတားဖွင့်ပွဲအထိမ်းအမှတ် ဇီဝိတဒါန ဆေးကုသမှုဆောင်ရွက်စဉ်



မြန်မာသံတော်ဆင့် အယ်ဒီတာချုပ်နှင့် စင်ကာပူနိုင်ငံမှ အလှူရှင်တို့က စည်သူတံတား မော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းကြစဉ်

စည်သူဆည်မြောင်းလမ်း တံတားကို ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင်နာယက လေးမျက်နှာဆရာတော်ကြီး၏ သက်တော် ၈၂ နှစ်ပြည့်အထိမ်းအမှတ်တပည့်သံဃာတော် အရှင်သူမြတ်များနှင့် အလှူရှင်များ၊ အင်းကုန်းကျေးရွာသူ၊ ကျေးရွာသားများစုပေါင်း၍ တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

MH-0011



စည်သူတံတားဖွင့်ပွဲအထိမ်းအမှတ် မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး၊ မလှိုင်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ် အုပ်ချုပ်ရေးမှူးများ အမှတ်တရ သစ်ပင်စိုက်ပျိုးကြစဉ်



# အမေရိကန် လူ့အဖွဲ့အစည်း၊ Apple Pay နှင့် အောင်မြင်နိုင်ခြေ

ကမ္ဘာကျော်နည်းပညာကုမ္ပဏီဖြစ်တဲ့ Apple က အမေရိကန်က သူ့ရဲ့ပရိသတ်တွေအတွက် နည်းပညာအသစ်ဖြစ်တဲ့ Apple Pay ကို အောက်တိုဘာ ၂၀ရက်က စတင်မိတ်ဆက်လိုက်ပါပြီ။ Apple Pay ဆိုတာ Apple ရဲ့ နောက်ဆုံးထုတ်စမတ်ဖုန်းတွေဖြစ်တဲ့ iPhone 6 နဲ့ 6 Plus မှာပါဝင်တဲ့ Touch ID စနစ်ကိုအခြေခံပြီး မိမိရဲ့ iPhone ကနေ အွန်လိုင်းငွေပေးချေနိုင်တဲ့ Online Payment အစီအစဉ်တစ်ခုပါ။

iPhone 6 နဲ့ 6 Plus အတွက် ဦးဆုံးထုတ်လုပ်ခဲ့ပေမယ့် လာမယ့်ရက်သတ္တပတ်ကျရင်တော့ iPad Air 2 နဲ့ iPad Mini 3 တို့မှာလည်း ချိတ်ဆက်အသုံးပြုနိုင်တော့မှာဖြစ်တယ်လို့ Apple က ကြေညာထားပြီး ဒီ Online Payment စနစ်ဟာ လာမယ့်နှစ်မှာ ထွက်ရှိမယ့် Apple Watch ဝယ်ယူမှုအတွက်လည်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

Apple Pay နဲ့ ငွေပေးချေနိုင်တဲ့စီးပွားရေးလုပ်ငန်းပေါင်း ၃၅ ခု အထိရှိပြီး အဲဒီမှာဆိုရင် နာမည်ကြီးကုန်အမှတ်တံဆိပ်တွေဖြစ်တဲ့ Nick, Apple, Waly Disney World, Whole Foods, Panera, Macy's, McDonald's, Duane Reed, Texaco စတာတို့ပါဝင်ပြီး အဲဒီဆိုင်တွေမှာ အခုနှစ်ကုန်ကစလို့ Online Payment နဲ့အသုံးပြုလို့ရပြီလို့ Apple က ထုတ်ပြန်ထားပါတယ်။

Apple Pay ကို အသုံးပြုဖို့ဆိုရင် Apple Passport ဆော့ဖ်ဝဲကို Apple Devices တွေ ထည့်သွင်းထားဖို့လိုအပ်ပြီး Version 8.1 မှာမှ အသုံးပြုနိုင်ဦးမှာ ဖြစ်ပါတယ်။

''Apple Pay ဟာ အင်အားကြီးကြီးနဲ့ ဆက်လျှောက်လှမ်းနိုင်မယ်ဆိုတာ ကျွန်တော်တို့ယုံကြည်တယ်။ ဒါဟာ ငွေပေးချေမှုစနစ်သစ်အနေနဲ့ ပြောင်းလဲလာမှာ ဖြစ်ပါတယ်'' လို့ Apple အမှုဆောင်အရာရှိချုပ် Tim Cook က ဆိုထားပါတယ်။

Apple Pay အနေနဲ့ အခုဆိုရင် အမေရိကန်နိုင်ငံတစ်ဝန်းက သဘောတူထားတဲ့ ကုန်အမှတ်တံဆိပ်တွေရဲ့ ဆိုင်ပေါင်း ၂၂၀၀၀၀ မှာအသုံးပြုနိုင်တော့မှာဖြစ်ပြီး ငွေပေးချေတဲ့အခါ ဝယ်ယူသူက မိမိရဲ့ဖုန်းက Touch ID ကို ဖိကိုင်ထားပြီး ဈေးဝယ်ကောင်တာမှာ ဖြတ်လိုက်တဲ့အခါ တုန်ခါမှု (Vibrate) ဝင်လာတဲ့အခါ ငွေပေးချေမှုပြီးဆုံးကြောင်းကို အချက်ပြပေးမှာ ဖြစ်ပါတယ်။

Apple Pay အနေနဲ့ လက်ရှိငွေပေးချေကတ် ကုမ္ပဏီကြီးသုံးခုအတွက် ချိတ်ဆက်လုပ်ကိုင်ဆောင်ရွက်ပံ့ပိုးပေးနိုင်ပြီး အဲဒီသုံးခုကတော့ American Express, Vias နဲ့ Master Card တို့ဖြစ်ပါတယ်။ ဒါ့အပြင် ဘဏ်ပေါင်း ၅၀၀ ကျော်ကလည်း Apple Pay နဲ့ တွဲဖက်လုပ်ကိုင်ထားပြီး အဲဒီဘဏ်တွေကတော့ Chase, Capital One, Bank of America, Citi, Wells Fargo, US Bank, Barcley Card, PNC, USAA, Navy Fedreal Creadit Union, Amerian Express စသည်တို့ဖြစ်ပြီးအဲဒီဘဏ်တွေဟာ အမေရိကန်က ခရက်ဒစ်ကတ်နဲ့ ပေးချေခြင်းများအတွက် ၈၃ ရာခိုင်နှုန်းကို လုပ်ကိုင်ပေးတာလည်းဖြစ်ပါတယ်။

''ဆိုင်ပေါင်းနှစ်သိန်းကျော်ဆိုတော့ တကယ့်ကိုများပြားတဲ့စတိုးဆိုင်အရေအတွက်ပါ။ ဒါပေမဲ့လည်း အဲဒီဆိုင်တွေထဲက ၅ ရာခိုင်နှုန်းလောက်ပဲရှိမှာပါ။ ဒီအပေါ်မှာ သုံးစွဲသူတွေက အကြိမ်ရေ အနည်းငယ်စီတော့ သုံးကြမှာပဲ။ အဲဒီအခါ သူတို့အတွက်သုံးရတာဟာ အဆင်ပြေတယ်လို့ ထင်တော့မှသာလျှင် သုံးစွဲသူဦးရေတိုးလာဖို့ရှိတယ်။ ဒါမှမဟုတ်ရင် ဆိုင်ပေါင်း နှစ်သိန်းကျော်ကနေ နှစ်ဘီလီယံလောက်အထိ သူတို့ တိုးမြှင့်လုပ်ကိုင်နိုင်ဖို့လိုတယ်''လို့ ကတ်စနစ်နဲ့အသုံးပြုတဲ့ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများအတွက် အကြံပေးလုပ်ငန်းလုပ်ဆောင်နေတဲ့ Carlisle & Galligher Consulting Group က Peter Olynick က သုံးသပ်ထားပါတယ်။

Apple Pay အနေနဲ့ သုံးစွဲသူရဲ့ရှိပြီးသားဘဏ်ကတ်နဲ့ အချက်အလက်တွေကို ဖုန်းအတွင်းသွင်းထားမှာဖြစ်ပြီး ဘဏ်ကတ်နဲ့ သုံးစွဲသူရဲ့ iTune Acconunt ကို ချိတ်ဆက်ပြီး အလုပ်လုပ်ဆောင်ပေးမယ့်စနစ်လည်း ဖြစ်ပါတယ်။

ဘဏ်ကတ်မှာပါတဲ့ ဂဏန်း ၁၆လုံးကိုလည်း ဖုန်းနဲ့ လုပ်ငန်းရှင်တွေထံမှာ သိမ်းဆည်းပေးထားမှာမဟုတ်ဘဲ သီးခြားထုတ်ပေးမယ့် ဂဏန်း ၁၆ လုံးကတစ်ဆင့် မိမိရဲ့ အကောင့်နံပါတ်တွေကို ချိတ်ဆက်ပြီး အလုပ်လုပ်ပေးမှာဖြစ်ပါတယ်။

''Apple Pay နည်းပညာဟာ တခြားသော လက်ငင်းငွေပေးချေမှု၊ အွန်လိုင်းငွေပေးချေမှုနဲ့ တခြားသော မိုဘိုင်းလ်ငွေပေးချေမှု နည်းစနစ်တွေထက်ကိုပိုပြီးတော့ကို လုံခြုံစိတ်ချရမှု ရှိတယ်'' ဟု Peter Olynick က ဆိုပါတယ်။

အမေရိကန်နိုင်ငံမှာ အွန်လိုင်းငွေပေးချေမှု လုပ်ငန်းပေါင်း ၂၀ ကျော်ရှိပြီး Paypal, Starbucks, Square, Level Up စတဲ့လုပ်ငန်းတွေလည်းပါဝင်ပြီး ၎င်းတို့နဲ့ယှဉ်ပြိုင်ရဖွယ်ရှိနေသော်လည်း အခုနှစ်အတွင်းမှာပဲ အခြားသော စီးပွားရေးလုပ်ငန်းတွေနဲ့လည်း ထပ်မံချိတ်ဆက်ဦးမှာမို့လို့ ဘယ်လောက်အထိ အောင်မြင်လာမယ်ဆိုတာကို စောင့်ကြည့်ရဦးမှာပါ။

**Ref : computerworld.com**






## မြန်မာစေတီပုထိုးများအကြောင်း Android သုံးပြီး လေ့လာရအောင်

မြန်မာပြည်မှာ ရွှေတိဂုံစေတီတော်၊ ကျိုက်ထီးရိုး၊ မန္တလေး မဟာမြတ်မုနိ၊ ဇလွန်ပြည်တော်ပြန် မာရ်အောင်မြင် ပြည်တော်ပြန်၊ မော်တင်စွန်း စသဖြင့် တန်ခိုးကြီးဘုရားစေတီပေါင်းများစွာရှိပေမယ့်လည်း ဘုရားစေတီတွေရဲ့သမိုင်းကြောင်းကိုသိဖို့အတွက်ဆိုရင် အဲဒီဘုရားတွေ၊စာအုပ်ဆိုင်တွေကိုရောက်မှ သမိုင်းကြောင်းစာအုပ်တွေကို မေးမြန်းဝယ်ယူရလေ့ရှိပါတယ်။ ဒါပေမဲ့လည်း ဒီကနေ့တိုးတက်လာတဲ့ခေတ်ကြီးမှာ ဘုရားစေတီသမိုင်းကြောင်းတွေနဲ့ ပတ်သက်လို့ လူမှုကွန်ရက်တွေမှာ မျှဝေလာတာတွေရှိသလို တချို့ကလည်း ဘုရားသမိုင်းစာအုပ်ပုံစံမျိုးနဲ့ ထုတ်ဝေလာတာမျိုးလည်း ရှိပါတယ်။

နည်းပညာတိုးတက်လာတဲ့ခေတ်ပီသစွာ အခုဆိုရင် မြန်မာပြည်က စေတီပုထိုးများရဲ့အကြောင်းနဲ့ သမိုင်းကြောင်းတွေကို လွယ်လင့်တကူ သိနိုင်ဖို့အတွက် Power Player ဆိုသူက ဂူဂဲလ်စတိုးမှာ အောက်တိုဘာလ ၁၀ ရက်က မြန်မာစေတီပုထိုးများဆိုပြီး တန်ခိုးကြီးဘုရားတွေရဲ့ သမိုင်းကြောင်းတွေကို လေ့လာနိုင်မယ့် ဆော့ဖ်ဝဲတစ်ခုကို ဖန်တီးလွှင့်တင်ထားပါတယ်။

ဒီဆော့ဖ်ဝဲမှာ ဇလွန်ပြည်တော်ပြန်၊ ဝါးခယ်မမြတ်စွယ်တော်၊ မုဋ္ဌောကိုးဆူဘုရား၊ မော်တင်စွန်း၊ ရွှေစည်းခုံ၊ ကျိုက်ထီးရိုး၊ မန္တလေး တောင်စတဲ့ တန်ခိုးကြီးဘုရားတွေရဲ့သမိုင်းကြောင်းကို ဖော်ပြထားတဲ့အပြင် ဗုဒ္ဓဘာသာဝင်များ သိသင့်သိအပ်တဲ့ အောင်ခြင်းရှစ်ပါးအကြောင်း၊ ဗုဒ္ဓနှင့်စံပြခေါင်းဆောင်မှု၊ ထေရဝါဒနှင့် မဟာယနကွာခြားချက်များ၊ ပါဠိသည်တရားမဟုတ်၊ ကမ္ဘာ့ပျက်ပုံ ၃ မျိုး စသည့်အကြောင်းအရာများကိုလည်း စုံလင်စွာ ဖော်ပြထားပါတယ်။

ဆော့ဖ်ဝဲကို Android Version 2.3 နဲ့အထက် အသုံးပြုနိုင်ပြီး ဖိုင်ဆိုက်ကတော့ 3.3 MB ပဲ ရှိလို့ ရယူရ လွယ်ကူပါတယ်။ စိတ်ဝင်စားလို့ စမ်းသပ်သုံးစွဲကြည့်မယ်ဆိုရင်ဖြင့် ဂူဂဲလ်စတိုးမှာ Myanmar Pagoda နာမည်နဲ့ အခမဲ့ဒေါင်းလုပ်ခ် ရယူနိုင်ပါတယ်။

# နည်းပညာ စာအုပ်စင်ကဏ္ဍ




**အမည် – Security For Android Phone လုံခြုံစိတ်ချစွာ ဖုန်းသုံးစွဲနည်း**
**ရေးသူ – ဉာဏ်ကြွယ်**
**တန်ဖိုး – ၃၅၀၀ ကျပ်**
**ထုတ်ဝေသူ – မျက်မှန့်စာပေ**

ဖုန်းသုံးစွဲသူ များပြားလာတာနဲ့ နည်းတူ မိမိသုံးစွဲတဲ့ဖုန်းထဲက အချက်အလက်ဒေတာတွေ လုံခြုံရေးကလည်း အရေးကြီးပါတယ်။ မိမိဖုန်း မေ့ကျန်ခဲ့တာဖြစ်ဖြစ်၊ မိမိရဲ့ဖုန်း ပျောက်ဆုံးသွားတာဖြစ်ဖြစ် မိမိဘက်က လုံခြုံရေးအစီအမံကို သေသေချာချာထားရှိမယ်ဆိုရင် မလိုလားအပ်တဲ့ ပြဿနာဖြစ်ပွားမှုကိုလည်း ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။

နည်းပညာဆိုင်ရာ စာအုပ်တွေ ရေးသားနေတဲ့ စာရေးဆရာ ဉာဏ်ကြွယ်က ဒီစာအုပ်နဲ့ ဖုန်းလုံခြုံရေးဆိုင်ရာနဲ့ ပတ်သက်လို့ လိုအပ်နေတဲ့ ကွက်လပ်တစ်ခုကို ဖြည့်ပေးလိုက်တာဖြစ်ပြီး စာအုပ်မှာ အခန်း (၃) ခန်း ခွဲပြီး ဖော်ပြထားပါတယ်။

အခန်း (၁) အနေနဲ့ Android Phone Setting မှ Lock Screen အသုံးများ၊ Huawei Unlock, Swipe, Face Unlock, Face and Voice Lock, Pattern Lock, Pin Lock, Password Lock စသဖြင့် Android Phone တွေမှာ ပါဝင်တဲ့ Lock တွေအကြောင်း ဖော်ပြထားပါတယ်။

အခန်း (၂) မှာဆိုရင် လက်ဗွေစနစ်ဖြင့် Lock လုပ်ထားမယ်၊ Alarm စနစ်ဖြင့် Lock လုပ်ထားမယ်၊ လက်ခံချင်သော ဖုန်းနဲ့ ဆော့ဖ်ဝဲတွေကိုပိတ်ပင်ခြင်း၊ ဖုန်းပျောက်ရင် ရှာလို့ရမယ့် Alarm စနစ်၊ ဝင်လာတဲ့ဖုန်းနံပါတ်ရဲ့ လိပ်စာအတိအကျကိုရှာခြင်း၊ Face Lock မပါတဲ့ ဖုန်းတွေအတွက် ဆော့ဖ်ဝဲ စတဲ့ကဏ္ဍတွေကို စုံလင်စွာ ထည့်သွင်းပေးထားပါတယ်။

အခန်း (၃) မှာဆိုရင် မိမိဖုန်းထဲကို ဗိုင်းရပ်စ် မဝင်အောင် ကာကွယ်နည်းတွေ၊ ဖုန်းကို အသံပိတ်ထားပြီး တုန်ခါမှုစနစ်နဲ့ Run ထားချိန် ဖုန်းပျောက်သွားတယ်ဆိုရင် ဖုန်းမြည်သံထွက်ပေါ်ပေးစေမယ့် Alarm စနစ်၊ ဖုန်းမေ့ကျန်ခဲ့သည့်ရှိသော် Password နဲ့ လှမ်းပိတ်ထားနိုင်တဲ့ Lock, မိမိဘာသာပေးထားတဲ့ Password ကို မေ့သွားရင် ဘယ်လိုပြန်ဖြည်(ဖြေ)မလဲ၊ သားသမီးများအတွက် မကြည့်စေချင်တဲ့ အင်တာနက်စာမျက်နှာတွေကို တားမြစ်ပေးမယ့် Parental Controls, စကားဝှက်ဖြင့် လျှို့ဝှက်စာတို ပေးပို့စနစ် စတဲ့ အချက်အလက်တွေကို ပုံတွေနဲ့တကွ ရှင်းပြထားလို့ မိမိဖုန်းကို လုံခြုံစိတ်ချစေချင်သူတွေအတွက် အသုံးတည့်စေမယ့် စာအုပ်တစ်အုပ်ဖြစ်ပါတယ်။

\- \- \- \- \-

**အမည်– Mobileဖုန်းဖြင့် Internet အသုံးပြုနည်း (၂၀၁၄တတိယအကြိမ် ဖြည့်စွက်ချက်များဖြင့်)**
**ရေးသူ – သန်းနိုင် (ရွှေရောင်လင်း)**
**တန်ဖိုး – ၁၅၀၀ ကျပ်**
**ထုတ်ဝေသူ – သင်းစာပေ**

ဒီစာအုပ်မှာ ဖုန်းနဲ့ပတ်သက်ပြီး အင်တာနက်ကို ဘယ်လိုချိတ်ဆက် အသုံးပြုမယ်ဆိုတာတွေကို အဓိကထား ဖော်ပြထားပါတယ်။

မိုဘိုင်းဖုန်းတွေနဲ့ ပတ်သက်လို့ Internet ချိတ်ဆက် အသုံးပြုရာမှာ အခြေခံသိထားသင့်တဲ့ Internet ဆိုတာ၊ Phone တစ်လုံးနှင့် အင်တာနက် အသုံး၊ Android ထဲမှာ အင်တာနက် ဘယ်လိုသုံးမလဲ၊ CDMA/GSM ဖုန်းတွေမှာ အင်တာနက် Setting ချိန်နည်း စတဲ့ အခြေခံအချက်တွေကို ထည့်သွင်းပေးထားပါတယ်။




ဒါ့အပြင် Wifi စတင်အသုံးပြုနည်း၊ ကွန်ပျူတာနှင့် ချိတ်ဆက်အသုံးပြုနည်း၊ မိမိဖုန်းမှ ဝိုင်ဖိုင် အင်တာနက် ပြန်လည်လွှင့်တင် အသုံးပြုနည်း၊ Website Brower အသုံးပြုခြင်း စတဲ့ အကြောင်းအရာတွေကိုလည်း ထည့်သွင်းထားပါတယ်။

ဒါ့အပြင် လူမှုကွန်ရက်ဖြစ်တဲ့ ဖေ့စ်ဘုတ်အသုံးပြုနည်း၊ အင်တာနက်ဖြင့် ဖုန်းခေါ်ခြင်း၊ ဂူဂဲလ်စတိုးလိုမျိုး ဝန်ဆောင်မှုပေးနေတဲ့ Myanmar Mobile Market ဆော့ဖ်ဝဲအကြောင်းတွေကို ထည့်သွင်းပေးထားတဲ့အပြင် အင်တာနက်ချိတ်ဆက်မှု လိုင်းကျနေရင် ဘယ်လိုမျိုး မြန်အောင် လုပ်ရမလဲဆိုတာတွေကိုပါ ထည့်သွင်းပေးတဲ့အတွက် ဖုန်းနဲ့ အင်တာနက်ချိတ်ဆက်အသုံးပြုမှုကို မသိသေးသူတွေအတွက် အသုံးတည့်စေမယ့် စာအုပ်ဖြစ်ပါတယ်။

\- \- \- \- \-

အတွဲ-၃၊ အမှတ် ( ၃၃ )၊ အောက်တိုဘာ ၂၅ -၃၁ ၊ ၂၀၁၄ ခုနှစ်

# အနောက်တိုင်းအမှတ်တံဆိပ်ပါအင်္ကျီဝတ်ဆင်သူများကို ရုရှားလူမျိုးများက တိုက်ခိုက်

ဝေါခနဲ ပေါက်ကွဲလာသည့် ရုရှားနိုင်ငံ၏ မျိုးချစ်စိတ်ဓာတ်တွင် ယူကရိန်း၌ ဖြစ်ပွားနေသည့် စစ်ပွဲနှင့် Kiev တွင် တိုက်ပွဲဝင်နေသည့် သူပုန်များအားရုရှားက ထောက်ခံမှုပေးသည့် အရှေ့ပိုင်းမှ အစိုးရတပ်ဖွဲ့များ ပါဝင်လျက်ရှိသည်။






အနောက်နှင့် Kiev အာဏာပိုင်များအပေါ်ထားရှိသည့် မုန်းတီးစိတ်များကား မော်စကိုလမ်းမများပေါ်သို့ လျှံဖိတ်ကျလာတော့သည်။ တစ်ဆက်တည်းမှာပဲ မော်စကိုမြို့သူမြို့သားများသည် ရုရှားမျက်ကန်းမျိုးချစ်စိတ်၏ ပစ်မှတ်ဖြစ်ပေတော့သည်။

လွန်ခဲ့သည့် စက်တင်ဘာလအတွင်းက ဂျာနယ်လစ်တစ်ဦးဖြစ်သူ Anna Ratafyeva သည် မော်စကိုမြို့အတွင်းသို့ အလွတ်သဘောသွားလာနေစဉ် အသက်အရွယ်ကြီးပြီဖြစ်သည့် အမျိုးသမီးကြီးတစ်ဦးက ဘုမသိဘမသိဘဲ သူမ၏ပါးကိုခပ်ပြင်းပြင်း ရိုက်ခဲ့သည်။ ဘာကြောင့် ယခုကဲ့သို့ ရိုင်းစိုင်းစွာ ပြုမူရလဲဟု မေးသောအခါ သူမဝတ်ဆင်ထားသည့် T.Shirt အင်္ကျီပေါ်က ယူနီယံဂျက်အလံကို ကိုင်ထားသည့်ပုံကို မနှစ်သက်သောကြောင့် ရိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အလားတူ အမုန်းအဖြစ် အမျက်အချို့ကလည်း ဥရောပယူနီယံနိုင်ငံများမှ တင်ပို့သည့် အစားအစာများကို ပိတ်ပင်တားမြစ်ခြင်းဖြစ်သည်။ ယင်းအချက်ဟာလည်း ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်ငံ ပါဝင်ပတ်သက်မှု၊ အနောက်အုပ်စုက ပိတ်ဆို့မှုများအား ပြန်လည်တုံ့ပြန်သည့် လုပ်ရပ်ဖြစ်သည်ဟု ဆိုသည်။




ပြိုင်ပွဲဝင်အပြေးသမားတစ်ဦးဖြစ်သူ Alexandra Boyars Kaya သည် ယူကရိန်းအလံပေါ်တွင် Ukraine စာတန်းရေးထားသည့် တီရှပ်ကိုဝတ်ဆင်ပြီး အပြေးဝင်ပြိုင်သည်။ ခေတ္တရပ်နားပြီးအမောပြေရေသောက်နေစဉ်အမျိုး သမီးတစ်ယောက် အပြေးရောက်ရှိလာပြီး သူမသောက်နေသည့် ရေခွက်ကိုလုယူပြီး သူမ၏မျက်နှာကိုရေနှင့်ပက်လျက် မသာ သေချင်းဆိုးမ၊ နင့်နိုင်ငံနင်ပြန် သွား၊ နင်ငါတို့မြို့တော်ကို သိက္ခာချတယ်။ ငါတို့မာရသွန်ပွဲကို နင်လာပြီး ပြိုင်စရာမလိုဘူး'' ဟု ဆဲရေးသွားကြောင်း ကာယကံရှင် အပြေးမယ် Boyarskara က BBC ကိုပြောပြသည်။

ရုရှားနိုင်ငံတွင် ကျင်းပနေသည့် မာရသွန်ပြိုင်ပွဲတွင် ယူကရိန်းအပါဝင်နိုင်ငံပေါင်း ၆၁ နိုင်ငံပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ယင်းအဖြစ်အပျက်များကို မာရသွန်အာဏာပိုင်များကရှုထားမိဟန် မရှိသကဲ့သို့မိမိအနေဖြင့်လည်း သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားခြင်း မရှိဟုဆိုသည်။

Ref:BBC



## ကုလသမဂ္ဂတွင် တင်သွင်းသည့် လူ့အခွင့်အရေးအစီရင်ခံစာအပေါ် မြောက်ကိုရီးယားခုခံကာကွယ်

ကုလသမဂ္ဂသို့ မကြာခင်က ပေးပို့သည့် မြောက်ကိုရီးယားနိုင်ငံ၏ အစီရင်ခံစာ နှင့်ပတ်သက်ပြီး မြောက်ကိုရီးယား နိုင်ငံက ယင်း၏ လူ့အခွင့်အရေးပကတိအခြေအနေများကို ရှားရှားပါးပါး အကျဉ်းချုံးတုံ့ပြန်ရှင်းလင်းပြောကြားခဲ့သည်။

ထိန်းသိမ်းချုပ်နှောင်ထားသူများကို ပြန်လည်ပြုပြင်ရေး အစီအစဉ်ဖြင့် မြောက်ကိုရီးယားက အလုပ်စခန်း(Labour Camps) များ ဖွင့်လှစ်လုပ်ကိုင်နေခြင်းကို မြောက်ကိုရီးယားတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးကဝန်ခံခဲ့သော်လည်း ယင်းအပေါ် ရိုင်းစိုင်းသော ကောလာဟလများကိုမူ ငြင်းပယ်လိုက်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ထောင်ပေါင်းများစွာသော ပြည်သူများအား အကျဉ်းထောင်အလုပ်စခန်းများတွင် ထိန်းသိမ်းထားကြောင်း အခိုင်အမာသတင်းများ ထွက်ပေါ်လျက်ရှိသည်။

အစိုးရကိုယ်စားလှယ်တစ်ဦးဖြစ်သူ Choe Myong Nam က မြောက်ကိုရီးယားနိုင်ငံတွင် အကျဉ်းထောင်အလုပ်စခန်းများ (Prison Camps) လုံးဝမရှိကြောင်း၊ လူတွေသူတို့၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများဖြစ်ပေါ်စေပြီး သူတို့၏ အမှား လုပ်ရပ်များကို နားလည်သဘောပေါက်စေမည့် ဖြစ်ဒဏ်ပေးစခန်းများ (Detention Camps) သာရှိကြောင်း ရှင်းလင်းပြောကြားသည်။ မြောက်ကိုရီးယားသည် အသွင်ကူးပြောင်းနေသည့် လူ့အဖွဲ့အစည်း (transition Society) နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စီးပွားရေးအပါအဝင် အချို့နေရာများတွင် ပြဿနာအချို့ရှိကောင်းရှိပါမည်။ ဒီထက်ပိုမိုသော အခြေအနေများ ပြည်သူတွေအတွက် ဖြည့်ဆည်းပေးရန် လိုအပ်နေသေးကြောင်း ယင်းကပြောဆိုသွားသည်။

Ref: BBC

## တရုတ်ကွန်မြူနစ်ပါတီ မျက်နှာစုံညီအစည်းအဝေး စတင်



တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်များ၏ အဓိကတွေ့ဆုံပွဲမှ တရားဥပဒေစိုးမိုးရေးကို ပြတ်သားသော ရည်မှန်းချက်များချမှတ်ခဲ့ပြီး ပေကျင်းတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို စတင်ခဲ့ပြီဖြစ်သည်။ မျက်နှာစုံညီအစည်းအဝေးသည် ပါတီဗဟိုကော်မတီ၏ အဖွဲ့ဝင် ၂၀၅ ဦး နှစ်စဉ်တွေ့ဆုံနေကျတွေ့ဆုံပွဲဖြစ် သည်။

တရုတ်ပြည် ကွန်မြူနစ်ပါတီတွင် အဖွဲ့ဝင်သန်း၈၀နီးပါးရှိသည်။ သို့ရာတွင် လုပ်ပိုင်ခွင့်အာဏာသည် ဗဟိုကော်မတီထံတွင်သာရှိသည်။

မျက်နှာစုံညီအစည်းအဝေးပွဲများသည် အခါအားလျော်စွာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏ သမိုင်းမှတ်တိုင်အဖြစ် ဖြစ်ပေါ်စေသည်။ တစ်ဆက်တည်းမှာပဲ တရုတ်နိုင်ငံ နိုင်ငံရေးလောကအတွင်း အရေးအကြီးဆုံး တွေ့ဆုံဆွေးနွေးပွဲအဖြစ်လည်း ရှုမြင်ကြသည်။

အစည်းအဝေးပွဲတက်ရောက်သူများ၏ အခန်းကဏ္ဍသည် ကွန်မြူနစ်ပါတီခေါင်းဆောင်နှင့် အမျိုးသားခေါင်းဆောင် သမ္မတကြီး ရှီကျင်းပင်ချမှတ်သည့် မူဝါဒရေးရာများကို လက်ညှိုးထောင် ခေါင်းညိတ်သူများသာဖြစ်ကြောင်း BBC တရုတ်နိုင်ငံဒေသဆိုင်ရာ အယ်ဒီတာ Carie gracie က ပြောကြားသည်။

၂၀၁၃ ခုနှစ်တွင် သမ္မတရာထူးလက်ခံပြီးနောက် သူ၏သမ္မတသက်တမ်း၏ ဝိသေသလက္ခဏာအဖြစ် မဇ္ဈတာရှိသည့် အဂတိလိုက်စားမှုကို အထူးအလေးထားကိုင်တွယ်အရေးယူခဲ့သည်။

သာဓကအားဖြင့် လွတ်လပ်သော တရားစီရင်မှု ခင်းကျင်းမှုမျိုးဖြင့်ရှိသည့် ကွန်မြူနစ်ပါတီကိုယင်းကိုယ်၌ပင် ဥပဒေ၏ သားကောင်အဖြစ်, ဖြစ်လိုဟန်ရည်ရွယ်ချက်မရှိကြောင်း ဝေဖန်သူများက သုံးသပ်ကြသည်။

ယခုတစ်ပတ် တွေ့ဆုံဆွေးနွေးပွဲ၏ ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာသည် တရုတ်နိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲသူများအား ထိထိရောက်ရောက် ဖြိုခွင်းနှိမ်နင်းမှုနှင့် တစ်ဆက်တည်း တိုင်းပြည်ထင်ရှားလူသိများသည့် ခေါင်းဆောင်များကို ထောင်သွင်းအကျဉ်းချခြင်းဖြစ်ကြောင်း BBC ဒေသခံမီဒီယာက ပြောကြားသည်။

၂၀၁၃ခုနှစ် ကွန်မြူနစ်ပါတီ မျက်နှာစုံညီအစည်းအဝေးသည် လာမည့် ၁၀စုနှစ်အတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးကို အလုံးစုံစိစစ်မည့်ပြန်လည်ပြုပြင်ရေးအကြောင်းအရာအချို့အား ဦးစားပေးဖော်ထုတ်ခဲ့သည်။

အစည်းအဝေးပြီးစီးသည့်အခါ စီးပွားရေးလောကတွင် နိုင်ငံပိုင်အခန်းကဏ္ဍသည် အချက်အချာကျသည့် အစိတ်အပိုင်းအဖြစ်ရှိနေမည်ဖြစ်သော်ငြား လွတ်လပ်သောဈေးကွက်သည်လည်း ကြီးမားသည့်အခန်းကဏ္ဍတွင် ပုံဖော်နိုင်ကြမည်ဖြစ်ကြောင်း တရုတ်ခေါင်းဆောင်များက ကတိပြုကြသည်။

Ref:BBC

# အလောင်းစည်သူမင်းကြီး၏ ကုသိုလ်တော်

စည်သူဆည်ကြီးအနီး
စည်သူတံတားကို
ရွှေကျင်ဂိုဏ်းဝန်ဆောင်
နာယကအဖွဲ့ဝင်
လေးမျက်နာ
ဆရာတော်ကြီးနှင့်
ရွှေပေါ်ကျွန်းပဓာနနာယက
ဆရာတော်ကြီးများ
ကြွရောက်၍ဖွင့်လှစ်

စာမျက်နှာ ၃၆ သို့ ➤


ရှစ်မျက်နှာဆရာတော်၊ လေးမျက်နှာဆရာတော်နှင့် ရွှေပေါ်ကျွန်းပဓာနဆရာတော်

ဓာတ်ပုံ-ဆန်းဝင်းထွန်း



# ရဲ ၃ ဦးနှင့် အုပ်ချုပ်ရေးမှူး၏ ထိုးကြိတ်ကန်ကျောက်မှု

စာမျက်နှာ ၆ သို့ ➤





"အချို့သော အချက်အလက်များသည်သက်ဆိုင်ရာ၏သည်းခံနိုင်မှု အချိန်အဆ မည်မျှရှိမည်ကိုမသိရသဖြင့် ချန်လှပ်ထားသည်များရှိသည်ဟုလည်း ရေးသားထားသည်ကိုတွေ့ရသဖြင့် ထပ်မံသိလိုစိတ်ပင် ဖြစ်ခဲ့ရပေသည် . . ."

သမိုင်းပညာရှင်ဒေါက်တာမြင့်သိန်း
(အမျိုးသားလွှတ်တော် ကော်မရှင်အဖွဲ့ဝင်)၏ အမှာစာနှင့်

မောင်ရေစက်၏

## ကြံ့ခိုင်ရေးဘာလဲ ဘယ်လဲ



"ဗိုလ်ခေါင်းစဉ်နှင့် ပြောတဲ့သဘောအရဆိုရင် အင်မတန်ကောင်းပါတယ်။ ပါတီဟာ တစ်ဦးတစ်ယောက်အတွက် အဖွဲ့အစည်းအတွက် ဆိုရင် ပါတီရှင်သန်မှာမဟုတ်ဘူး။ ပြည်သူမထောက်ခံဘဲ၊ ပြည်သူမယုံကြည်ဘဲ ပါတီအတွက် ဘာမှ မရရှိနိုင်ဘူး . . ."

သူရဦးရွှေမန်း
ပြည်ထောင်စုလွှတ်တော် နာယက၊ ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌ

ရွှေနီလာစာပေမှ တစ်ပြည်လုံး ဖြန့်ချိသည်။
ဖုန်း - ၀၉ ၄၃၁၃၆၈၅၂၊ ၀၉ ၄၂၈၂၀၁၉၅၇၊ ၀၉ ၄၂၀၁၁၈၅၃၄



## ဓမ္မသံတော်ဆင့်စာပေ လောကီရေးရာ ရွှေတော်ဝင်စာစဉ်(၃) ထွက်ပြီ







ဖြန့်ချိရေး- ရွှေနီလာစာပေ။ ဖုန်း ၀၉ ၄၃၁၃၆၈၅၂



(၁-၁၀-၂၀၁၄)နေ့တွင် ထွက်ရှိသော (၃၀၉)ကြိမ် အောင်ဘာလေ ထီဖွင့်ပွဲကြီးတွင် **အေးငြိမ်းချမ်းသာ ထီဆိုင်မှ**

၁။ ဘ-၃၀၅၈၄၇ (ကျပ်သိန်း ၁၀၀ဆု) ၂။ ပ- ၆၁၉၆၅၀ (ကျပ်သိန်း ၁၀၀ဆု)

၃။ ယ-၄၂၄၉၁၁ (ကျပ် ၂၅ သိန်း) ၄။ ပ- ၄၉၈၂၉၁ (ကျပ် ၂၅ သိန်း) စသည့်

ထီဆုများအပြင် ၁၅၅၈ နံပါတ်ဖြင့် ပဒေသာ ၅သောင်းဆု ၂၅၅၅ ဆုနှင့် အတူ ကျပ်သိန်းပေါင်း ၁၆၀၀ ကျော် ဆွတ်ခူးပေးလိုက်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ထီကံစမ်းမည့် မိဘပြည်သူများအားကျေးဇူးတုံ့ပြန်သောအားဖြင့် ရန်ကုန်မြို့တွင်းမှ ကျပ်သုံးသောင်းဖိုးနှင့်အထက်ကံစမ်းမည်ဆိုလျှင် အိမ်တိုင်ရာရောက် ပို့ဆောင်ရောင်းချပေးမည်ဖြစ်ပါ၍ ရန်ကုန်မြို့တွင်း **ဖုန်း - ၀၉ ၅၁၂၁၉၃၁၊** မန္တလေးမြို့တွင်း **ဖုန်း - ၀၉ ၅၁၈၇၁၈၁၊** နေပြည်တော်မြို့နယ်များမှ မှာယူလိုပါလျှင်ဖုန်း ၀၆၇-၄၂၀၆၆၈၊ ၀၉-၄၉၂၆၄၂၄၄တို့ကို ဆက်သွယ်မှာယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အေးငြိမ်းချမ်းသာ အောင်ဘာလေထီဆိုင်မိသားစု